**မြဝတီ** နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၃၀)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဉ့်ပါအခါခပ်သိမ်း မေတ္တာတရားပွား များခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

**စာမျက်နှာ ၁၅ ကော်လံ ၁ ★**

## ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းထုတ်ပြန်ကြေညာ

စာ - ၁၄ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်)

# မသန်စွမ်းသူများ၏အရေး ဦးစားပေး

မသန်စွမ်းသူဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်ဟု မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၃၀။)တွင်ဖော်ပြထားသည်။ ကုလသမဂ္ဂသည် မသန်စွမ်းသူများအတွက် ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ အပြည့်အဝ ပါဝင်ခွင့်နှင့်တန်းတူရပိုင်ခွင့်များတိုးမြှင့်ရန် မသန်စွမ်းရပိုင်ခွင့်နည်းဗျူဟာကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ချမှတ်ခဲ့သည်။ ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်တွင် ကုလသမဂ္ဂညီလာခံမှ ဒီဇင်ဘာလ ၃ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့" အဖြစ်သတ်မှတ်ခဲ့သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ဖြစ်ပြီး အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"အနာဂတ်မှာအားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဟူ၍ဖြစ်သည်။ မသန်စွမ်းသူများ၏ဘဝတွင် ခွဲခြားဆက်ဆံမှုကင်းစင်ရေး၊ အခြေခံလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အများနည်းတူ မျှမျှတတရရှိရေး၊ နိုင်ငံရေးနှင့်ပြည်သူ့ရေးရာ အပါအဝင် နယ်ပယ်အသီးသီးတွင်ပေါင်းစည်းပါဝင်နိုင်ရေး၊ မသန်စွမ်းသူများ လူ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားလုံခြုံမှုအတွက် တီထွင်ဖန်တီးဆောင်ရွက်ပေးရေးတို့သည် အလေးထားဆောင်ရွက်ပေးရမည့်ကိစ္စရပ်များဖြစ်သည်။ မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ ကိုယ့်အားကိုယ်ကိုးကိုယ်ပိုင်လုပ်ငန်းများနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့်သင်တန်းများကို အခမဲ့ သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ (ရန်ကုန်)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်၊ မန္တလေး)၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း၊ နားမကြားကလေးများကျောင်း (ရန်ကုန်၊ မန္တလေး)၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်) စသည့်သင်တန်းကျောင်းများကို ဖွင့်လှစ်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင်မကြာမီကျင်းပတော့မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းသူများ၏အားမာန်များကို မြင်တွေ့ရမည်ဖြစ်သည်။ အားကစားတွင် မသန်စွမ်းသူများ၏ပါဝင်ယှဉ်ပြိုင်မှုများမှာ မသန်သော်လည်းစွမ်းပါကြောင်း ပြသသည့်မြင်ကွင်းများဖြစ်သည်။ အားကျဂုဏ်ယူဖွယ်ကောင်းလှသည်။ အထူးသဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ် မသန်စွမ်းသူများ၏ စွမ်းဆောင်ချက်မှာ လေးစားချီးကျူးဖွယ်ကောင်းလှသည်။ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့က ရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၁၉ ခု စုစုပေါင်းဆုများ ၅၆ ဆုဆွတ်ခူးနိုင်ခဲ့သည်မှာ တကယ့်ဂုဏ်ပြုချီးကျူးဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားများကို စတင်ကျင်းပခဲ့ရာ ယခုနှစ်သည် အကြိမ် (၃၁) မြောက်ဖြစ်သည်။ လူသားအချင်းချင်း အားနည်းသူကိုဖေးကူတတ်သောဓလေ့သည် မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် မသန်စွမ်းသူများနှင့်ပတ်သက်၍ မည်သည့်နေရာတွင်မဆို သူတို့ကိုဦးစားပေးသည်။ မသန်စွမ်းသူများမျက်နှာမငယ်စေရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၂ တွင် "နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်" ဟုပြဋ္ဌာန်းထားသည်။ မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်ကိုယ်ပိုင်ဝင်ငွေရရှိရေး၊ မသန်စွမ်းသူများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးရေးနှင့် မြှင့်တင်ပေးရေးတို့သည် နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်ပေးရမည့် တာဝန်များအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

မသန်စွမ်းသူများအလိုက် လုပ်ငန်းအစီအစဉ်များချမှတ်ဆောင်ရွက်ပေးလျက်ရှိရာ အမြင်အာရုံမသန်စွမ်းသူများ၏ မျက်မမြင်အကြောပြင်အနှိပ်စနစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက်များလက်လှမ်းမီရရှိနိုင်ရေးစီမံကိန်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာစီမံကိန်း၊ ဉာဏ်ရည်မသန်စွမ်းသူများအတွက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့်မသန်စွမ်းသူများကို အရာရာတွင် ဦးစားပေးလျက်ရှိသည်။ မသန်စွမ်းသူများ၏ခေါင်းဆောင်မှုကို မြှင့်တင်ပေးရန်တောင်းဆိုမှုသည် မသန်စွမ်းသူများကိုယ်တိုင် မိမိတို့၏ဘဝကိုတက်ကြွစွာပုံဖော်လို၍ တောင်းဆိုထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်မူ အားငယ်သူကိုဝိုင်းကူလေ့ရှိသည့် ကောင်းမွန်သည့် လူမှုဆက်ဆံရေးရှိသည့်အတွက် မသန်စွမ်းသူများကို အရာရာတိုင်းတွင် ဦးစားပေးလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဇင် (FM)အသံလွှင့်အစီအစဉ်

၄-၁၂-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နှယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုဘဏ္ဍာနှစ် ခုနစ်လတာကာလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၉ သန်းခန့်ရရှိထား



ရန်ကုန် ဒီဇင်ဘာ ၃

ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ ခုနစ်လတာကာလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၉ သန်းကျော်ရရှိထားကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ပြောကြားချက်အရ သိရသည်။

အဆိုပါ ခုနစ်လတာကာလအတွင်း ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ ၇၃၈ ဒသမ ၂၃ တန်ခန့်၊ နယ်စပ်ကုန်သွယ်ရေးမှ ၄၇ ဒသမ ၈ တန်ခန့် စုစုပေါင်း ပြည်ပသို့ ပျားရည် ၇၈၆ ဒသမ ၀၃ တန်ခန့်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၉ သန်းခန့်ရရှိခဲ့သည်။

"ဒီဘဏ္ဍာနှစ် ဧပြီလကနေ အောက်တိုဘာလအထိ ခုနစ်လတာကာလအတွင်း ပြည်ပကို ပျားရည် ၇၈၆ ဒသမ ၀၃ တန်ခန့် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၉ သန်းခန့် ရရှိထားပါတယ်" ဟု ဦးမျိုးတင့်ကပြောသည်။

ပြည်ပသို့ ပျားရည်တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ၅၃၆ ဒသမ ၂၁ တန်ဖြင့် အများဆုံးတင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈၀၄၁၉၅ သန်း၊ တောင်ကိုရီးယားနိုင်ငံသို့ သုည ဒသမ ၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သန်း ၇၅၀၊ ထိုင်းနိုင်ငံသို့ ၂၀၁ ဒသမ ၅၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀၂၂၆၅ သန်း၊ တရုတ်နိုင်ငံသို့ ၄၅ ဒသမ ၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၈၆၉၆ သန်းနှင့် တရုတ်(တိုင်ပေ)သို့ နှစ်တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀၀၃ သန်းရရှိထားကြောင်း သိရသည်။

ပြည်တွင်းမှ ပျားရည်ကို ပြည်ပနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့သို့ တင်ပို့ပြီး ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့ထားကြောင်း၊ ပြည်တွင်း၌ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ကြောင်း၊ ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများကြောင်း သိရသည်။

**စောယု**

# မန္တလေးပဲဈေးကွက်အတွင်း အထွက်တိုးပြောင်း(ခေါ်)ရွှေနီပြောင်းများ စတင်ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်နေ

မန္တလေး ဒီဇင်ဘာ ၃

မန္တလေးပဲဈေးကွက်အတွင်း နှံစားပြောင်းအုပ်စုတွင်ပါဝင်သော အထွက်တိုးပြောင်း(ခေါ်)ရွှေနီပြောင်းများ ဒီဇင်ဘာလဆန်းပိုင်းမှ စတင်ဝင်ရောက်လာပြီး အရောင်းအဝယ် သွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲနှမ်းကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

အဆိုပါအထွက်တိုးပြောင်း(ခေါ်)ရွှေနီပြောင်းများကို ပြည်တွင်း၌ တိရစ္ဆာန်အစာအဖြစ် အဓိကထားသုံးစွဲကြခြင်းဖြစ်ပြီး ပြည်ပသို့လည်း တင်ပို့မှုရှိကြောင်း၊ မန္တလေးပဲဈေးကွက်တွင် ပြီးခဲ့သည့်နှစ်ကာလတူကထက် ယခုနှစ်တွင် အထွက်တိုးပြောင်း(ခေါ်)ရွှေနီပြောင်းများ ဈေးရရှိကာ အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

"ပြည်တွင်းမှာ ပြောင်းအနေနဲ့ ဖူးစားပြောင်းနဲ့ နှံစားပြောင်းဆိုပြီး နှစ်မျိုးရှိပါတယ်။ အထွက်တိုးပြောင်း(ခေါ်) ရွှေနီပြောင်းတွေက နှံစားပြောင်းအုပ်စုဝင်တွေပါ။ ဒီဇင်ဘာလဆန်းပိုင်းမှာ စတင်ထွက်ရှိလာတဲ့ ပြောင်းတွေက ဈေးကွက်ထဲမှာ သုံးတင်းဝင်တစ်အိတ်ကို ပြီးခဲ့တဲ့နှစ်ကာလတူထက် ဈေးပိုရရှိနေပါတယ်"ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ပြည်တွင်း၌ အထွက်တိုးပြောင်း(ခေါ်)ရွှေနီပြောင်းများကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး စသည့်တိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြပြီး လက်ရှိမန္တလေးပဲဈေးကွက်သို့ ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ သဲတော၊ ဝမ်းတွင်း စသည့်ဒေသများမှ စိုက်ပျိုးထွက်ရှိသော အထွက်တိုးပြောင်း(ခေါ်)ရွှေနီပြောင်းများ စတင်ဝင်ရောက်နေပြီဖြစ်သည်။

အထွက်တိုးပြောင်း(ခေါ်)ရွှေနီပြောင်းများသည် ပူပြင်းသောဒေသများ၌ စိုက်ပျိုးရန်သင့်တော်သော သီးနှံတစ်မျိုးဖြစ်ပြီး စိုက်ပျိုးစရိတ်ကုန်ကျမှုသက်သာကာ မိုးခေါင်သည့်ဒဏ်နှင့် ပိုးမွှားဒဏ်လည်း ခံနိုင်ရည်ရှိကြောင်း၊ ပြည်တွင်းရောပြည်ပ၌ပါ ဈေးကွက်ရှိသည့် အဆိုပါနှံစားပြောင်းများသည် တောင်သူများအတွက် ဝင်ငွေတိုးစေသည့် သီးနှံတစ်မျိုးဖြစ်သည့်အပြင် နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေရရှိစေကြောင်း သိရသည်။

**ဆောင်းဦး**

# နောင်ယန်းအင်းအဝင်ဝရှိ နောင်ယန်းချောင်းအား သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မည်

ပန်ဆောင် ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့အတွင်း နောင်ယန်းအင်းအဝင်ဝရှိ နောင်ယန်းချောင်းအား သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါနောင်ယန်းအင်းသည် အိန္ဒိယ–မြန်မာနယ်စပ်ရှိ လီဒိုလမ်းမကြီးနှင့် မနီးမဝေး၌ တောင်များဝိုင်းရံပြီး အလယ်တွင်တည်ရှိကာ ဒုတိယကမ္ဘာစစ်အတွင်းက Lake of No Return ဟု တင်စားခေါ်ဝေါ်ခဲ့ကြသော အင်းတစ်ခုဖြစ်ပြီး ယခုအခါ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိသော ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။

လက်ရှိတွင် နောင်ယန်းအင်း၏ ဧရိယာအများစုသည် လယ်ယာမြေများအဖြစ်တည်ရှိနေကြပြီး အဆိုပါအင်းကို တိမ်ကောမှုမရှိစေရန်နှင့် ရေဝင်ရေထွက်ကောင်းမွန်စေရန်အပြင် အနီးဝန်းကျင်ရှိ လယ်ယာမြေများအတွက်လည်း စိုက်ပျိုးရေများရရှိစေရန် နောင်ယန်းအင်းအဝင်ဝရှိ နောင်ယန်းချောင်းအား သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"နောင်ယန်းအင်းအဝင်ဝမှာရှိတဲ့ နောင်ယန်းချောင်းကို ပန်ဆောင်မြို့အဝင် ၅ မိုင်တံတားနားလောက်မှာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ အချိန်တစ်လခွဲလောက် ကြာမြင့်မှာဖြစ်ပြီး အဲဒီလို သဲနုန်းတူးဖော်လိုက်ရင် အနီးအနားက ဒေသခံတောင်သူတွေရဲ့ လယ်ယာမြေဧက ၁၃၀ လောက်ကို အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ဒ့ါပြင် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရင် နောင်ယန်းအင်းဝန်းကျင်မှာရှိတဲ့ လယ်ယာမြေတွေ ရေကြီးနစ်မြုပ်မှုကိုလည်း ကာကွယ်နိုင်မှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်ယန်းအင်းအဝင်ဝရှိ နောင်ယန်းချောင်းအား သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နောင်ယန်းအင်းသို့ နှစ်စဉ်ပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများသာမက အိန္ဒိယနိုင်ငံဘက်မှတစ်ဆင့် နိုင်ငံခြားခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်အပန်းဖြေလေ့ရှိကြကြောင်း သိရသည်။

**ဆောင်းဦး**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ကျွန်တော် ဆရာတော်နှင့် စကားစမြည်ပြောပြီး နာရီဝက်ခန့်အကြာမှာ ဦးချပြီး ပြန်ဆင်းလာခဲ့သည်။ ဆရာတော် မျှဝေလိုက်သောဆန္ဒတရားမှာ ကျွန်တော့်ရင်မှာ နဂိုကပင် ပျိုးထားပြီးဖြစ်၍ ပိုမိုရှင်သန်လာခဲ့ပေသည်။

နောက်တစ်ပတ် ကျောင်းပိတ်ရက်မှာပဲ ကျွန်တော်သည် အ.ထ.က သရက်တောင် ဆရာ၊ ဆရာမများ၊ အ.မ.က သရက်တောင်(မြောက်)က ဆရာ၊ ဆရာမများနှင့် ရွာထဲက လူငယ်များကို အစည်းအဝေးခေါ်လိုက်သည်။ ရွာဆရာတော်ကြီး၏ ဆန္ဒသဘောထားကို ချပြလိုက်သည်။ အကုန်လုံးပဲ ကျေကျေနပ်နပ်လက်ခံလိုက်ကြသည်။ အစည်းအဝေးတက်ရောက်သူများထံမှ လှူဒါန်းသော စာအုပ်စာတမ်းများနှင့် ရွာထဲသို့လျှောက်ပြီး အလှူခံလိုက်ရာ တစ်နေ့တည်းမှာ စာအုပ် ၁၀၀ ကျော် ရရှိခဲ့ကြလေသည်။

● ● ● ● ● ● ●

တစ်လခွဲခန့်အကြာမှာတော့ ရွာလယ်က တောင်ခြေရေစီးချောင်းလေးအစပ်မှာ ဆောက်လုပ်ထားသော သပ်သပ်ရပ်ရပ်အဆောက်အအုံလေး၏ရှေ့ဘက် ရေနံချေးသုတ်ဝင်းထရံတွင် ဆိုင်းဘုတ်ကို တွေ့လိုက်ကြရပါတော့သည်။

ကျွန်တော်တို့သည် အသင်းဝင်ကတ်လေးပေးပြီး အသင်းဝင်စုဆောင်းသည်။ အသင်းဝင်ကြေး လစဉ်ကြေးများရလျှင် စာအုပ်အသစ်များဝယ်သည်။ လစဉ်ထုတ်မဂ္ဂဇင်းများအတွက် အလှူရှင်ရှာသည်။ ကျွန်တော်တို့ လစဉ်ထုတ်စာစောင်၊ ဂျာနယ်များကို မြေပုံမြို့ ဦးထွန်းလူ၏ "အတွေးအခေါ်သစ်စာပေ"က တစ်ဆင့်ဝယ်ယူသည်။ ကျွန်တော့်အမည်နှင့်ပဲ စာပေဗိမာန်အသင်းဝင်ပြီး ဆုရစာအုပ်များဖြန့်ချိမှုကို ရရှိခဲ့သည်။

ကျွန်တော်သည် ရွာဈေးဆိုင်များသို့သွားပြီး ရောင်းကုန်ပစ္စည်းများထည့်သော ကတ်ထူကြုတ်လေးများကို သွားတောင်းသည်။ သူတို့မှာ ပစ္စည်းရောင်းပြီးသွားလျှင် စွန့်ပစ်ပစ္စည်းများဖြစ်နေ၍ အလွယ်တကူရသည်။ ကျောင်းအားရက်များဆိုလျှင် ဦးဖြူထွန်း(ရုံးအကူ အ.လ.က သရက်တောင်) အားခေါ်ယူပြီး အသင်းဝင်ကတ်နံပါတ်ပြားလေးများအဖြစ် စနစ်တကျလုပ်ကြသည်။ ဦးဖြူထွန်းမှာ စိတ်ရှည်ပြီး လုပ်တတ်ကိုင်တတ်ရှိ၍ အဆင်ပြေသည်။ စာအုပ်အဖုံးတပ်ခြင်း၊ စာအုပ်ချုပ်ခြင်းတို့ကိုလည်း သူပဲလုပ်သည်။ စာကြည့်တိုက်ကိုတည်ထောင်ပြီးချိန်တွင် စာအုပ်အသစ်များကို အမြဲဝယ်ယူဖြည့်သွင်းလျက်ရှိပေရာ စာဖတ်ပရိသတ်များ များပြားလာသည်။ ကျောင်းပိတ်ရက်များဆိုလျှင် ကျောင်းသားလူငယ်များ ပြည့်နေတတ်သည်။

တနင်္ဂနွေတစ်ရက်သာ စာကြည့်တိုက်ပိတ်ပြီး တခြားနေ့များတွင်

**"စာကြည့်တိုက်တစ်ခု တည်ထောင်ရန် လွယ်ကူသလောက် အဓွန့်ရှည်ရန်မှာကား ခက်ခဲလှပါသည်"ဆိုသောအဆိုကို ကျွန်တော်တို့ သရက်တောင်ရွာ ကျေးလက်ရင်ခွင် စာကြည့်တိုက်က လက်ပြနှုတ်ဆက်လိုက်ပါသည်။ အဆိုတော်ကြီး တွံတေးသိန်းတန် တေးသွားအရပြောလျှင် "ပျင်းတောင် ပျင်းသေးသည်" ဆိုသလိုပါပဲ. . ."**

စာကြည့်တိုက်ပုံမှန်ဖွင့်သည်။ ဖွင့်ရက်များဆို စာလာဖတ်ကြသော ရွာသားများ၊ အသင်းဝင်ကတ်လေးဖြင့် စာအုပ်လာငှားကြသူများနှင့် ပြည့်နေတတ်သည်။ ကျွန်တော်အပါအဝင် အခြေခံပညာသင်ကျောင်းနှစ်ကျောင်းက ဆရာ၊ ဆရာမများက စာကြည့်တိုက်မှူးတာဝန် အလှည့်ကျဆောင်ရွက်ပေးကြသည်။

၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော သရက်တောင်ရွာ ကျေးလက်ရင်ခွင်စာကြည့်တိုက်သည် ယခုဆိုလျှင် နှစ်ပေါင်း ၂၈ နှစ်တိုင်တိုင်ရှိပေပြီ။ အောင်မြင်နေဆဲ၊ ရှင်သန်နေဆဲပါ။ ယခုဆိုလျှင် စာကြည့်တိုက်မှူးတာဝန်ကို ဦးဖြူထွန်း(ရုံးအကူ-ငြိမ်း)(အ.လ.က သရက်တောင် မြေပုံမြို့နယ်) အား တာဝန်ပေးထားသည်။ စာကြည့်တိုက်မှူးသည် စာကြည့်တိုက်ဖွင့်သည့်နေ့တိုင်း မနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဖွင့်ပေးရသည်။ စာအုပ်အလေအလွင့်မရှိအောင် စောင့်ရှောက်ပြီး အစုတ်အပြဲအပျက်အစီးမရှိအောင် ထိန်းသိမ်းရသည်။ အိမ်သို့ယူ၍ ငှားရမ်းဖတ်ရှုလိုသူများရှိလျှင် အသင်းဝင်ကတ်လေးဖြင့် စနစ်တကျ သတ်မှတ်ရက်နှင့် ငှားရမ်းပေးရသည်။ စာကြည့်တိုက်မှူးအတွက် ပံ့ပိုးငွေ ၁၅၀၀၀ကျပ်/-(ကျပ်တစ်သိန်းငါးသောင်းတိတိ)ကို ကိုရီးယားနိုင်ငံတွင် တရားဝင်အလုပ်လုပ်နေကြသော သရက်တောင်ရွာသား လူငယ်များက လစဉ်ပံ့ပိုးပေးကြသည်။

ဤကျေးလက်ရင်ခွင်စာကြည့်တိုက် ဖြစ်ပေါ်ရှင်သန်ရေးအတွက် ကနဦးအကြံပေးပြီး စာကြည့်တိုက်အဆောက်အအုံကို ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသုန္ဒရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီးသည် သက်တော် (၉၀) ပြည့် ၂၀၂၀ ပြည့်နှစ်တွင် ပျံလွန်တော်မူခဲ့လေပြီ။ (ကုသိုလ်ရှင်သက်တော်ရှည်ဆရာတော်ကြီး ကောင်းရာဘုံဘဝမှာ စံမြန်းနိုင်ပါစေ။)

"စာကြည့်တိုက်တစ်ခု တည်ထောင်ရန်လွယ်ကူသလောက် အဓွန့်ရှည်ရန်မှာကား ခက်ခဲလှပါသည်" ဆိုသော အဆိုကို ကျွန်တော်တို့ သရက်တောင်ရွာ ကျေးလက်ရင်ခွင်စာကြည့်တိုက်က လက်ပြနှုတ်ဆက်လိုက်ပါသည်။ အဆိုတော်ကြီး တွံတေးသိန်းတန် တေးသွားအရပြောလျှင် "ပျင်းတောင် ပျင်းသေးသည်" ဆိုသလိုပါပဲ။ ကျွန်တော့်မှာ ၂၀၀၃ ခုနှစ်ကပင် ရွာမှထွက်ခွာလာခဲ့သော်လည်း ကျေးလက်ရင်ခွင်စာကြည့်တိုက် အစဉ်ရှင်သန်နိုင်ရေးအတွက် အမြဲပံ့ပိုးကူညီပေးလျက်ရှိပါသည်။

သရက်တောင်ရွာ ကျေးလက်ရင်ခွင်စာကြည့်တိုက် ဆက်ခါဆက်ခါ အောင်မြင်ပါစေ၊ အဓွန့်ရှည်ပါစေဟူ၍ ရပ်ဝေးတစ်နေရာက မေတ္တာဖြင့် ဆုတောင်းပေးလိုက်ပါသည်။

● ● ● ● ● ● ●

ယခုအခါ သရက်တောင်ရွာမှာ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းစာစစ်ဌာနအပြင် အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

ရန်ကုန်-စစ်တွေအဝေးပြေးလမ်းမှတစ်ဆင့် ကမ်းထောင်ကြီး-သရက်တောင်လမ်းအတိုင်း မောင်းလာလျှင် သရက်တောင်ရွာသို့ တိုက်ရိုက်ရောက်ပါသည်။(စာရေးသူ)

■ ■ ■ ■ ■ ■ ■

**ရန်ကုန်မြို့ကြီးရောက် ကျွန်းစဉ်သားကျောင်းဆရာ**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)၏ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့စွဲပါ စာအမှတ် ဌာနခွဲ (၂) ၃၂၅၆/မူအုပ်(ပြောင်း) ၂၀၀၃ အရ အမိန့်စာအမှတ် (၀၆၅)ဖြင့် ကျွန်တော့်အား အ.မ.က သရက်တောင် (မြောက်) မြေပုံမြို့နယ် ရခိုင်ပြည်နယ်မှ အ.မ.က (၂၃) ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရန်ကုန်တိုင်းသို့ မူလတန်းကျောင်းအုပ်ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ပေးထားခဲ့ပါသည်။

ဤသို့ ရန်ကုန်မြို့ကြီးသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကျွန်တော် အပြောင်းအရွှေ့လျှောက်ထားခဲ့သည်မှာ သုံးနှစ်သုံးမိုးကြာခဲ့ပါသည်။ ၂၀၀၁ ခုနှစ်ကစပြီး ရန်ကုန်တိုင်းသို့ အပြောင်းအရွှေ့လျှောက်ခဲ့သည်။ သို့သော် မျှော်သာမျှော် မပေါ်လာဆိုသလိုပဲ ဖြစ်နေခဲ့သည်။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် နွေရာသီကျောင်းပိတ်ချိန်တွင် ကျွန်တော် ရန်ကုန်မြို့ကြီးသို့ ရောက်လာခဲ့သည်။ ကျွန်တော်၏အဓိကရည်ရွယ်ချက်မှာ ရန်ကုန်တိုင်းသို့ ပြောင်းရွှေ့ခွင့်ရရေးအတွက် လူကြီးများနှင့်တွေ့ဆုံရန် စွန့်စားပြီး လာခဲ့ခြင်းပင်ဖြစ်သည်။

ကျွန်တော့်မှာ တစ်ခါမျှမရောက်ဖူးသောနေရာ မတွေ့မမြင်ဖူးသော ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ရမည့်အရေးကိုတွေးပြီး ကြောက်လည်းကြောက်သည်။ ရှက်လည်းရှက်နေသည်။ ပုစွန်ခြောက်ထုပ်လေး နှစ်ထုပ်ကိုလည်း အိတ်လေးတစ်လုံးထဲထည့်ပြီး ဆွဲယူလာခဲ့သည်။ တကယ်တွေ့ရမည်ဆိုတော့ မည်သူ့ဆီသွားရမှန်း ကျွန်တော်မသိ။ ရင်တွေလည်း အရမ်းခုန်နေသည်။ ရုံးအဝင်လမ်းအတိုင်း ရင်တထိတ်ထိတ်နှင့်လျှောက်လာခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဘုတ်ပြင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ဘုတ်ပြင်း ဒီဇင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ဒီဇင်ဘာလ ၂ ရက်က ထောင်ခမက်ကျေးရွာအုပ်စု အောက်လိပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အောက်လိပ်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မင်းဝါက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသိန်းက လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံရေး၊ အသိပညာ ဗဟုသုတပြည့်စုံစေရေး၊ နှုတ်မှုစွမ်းရည်များတိုးတက်မြင့်မားစေရေး၊ လူငယ်အချင်းချင်း အသိပညာဖလှယ်မှုရှိစေရေးနှင့် စာဖတ်ရှိန်မြင့်မားတိုးတက်စေရေး စသည့်လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသိန်း ဦးဆောင်၍ Grade-10 ကျောင်းသူ မစန္ဒီမြင့်လွင်၊ Grade-11 ကျောင်းသူ မပိုးအိမ်ဖြိုး၊ Grade-10 ကျောင်းသူ မဝသုန်ဖူး၊ Grade-9 ကျောင်းသူ မစိုးစန္ဒာထွန်း၊ Grade-9 ကျောင်းသား မောင်ဇေယျာမင်းလွင်တို့က စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေး၊ ကျောင်းသားနှင့် စည်းကမ်း၊ လူငယ်နှင့်စာဖတ်ခြင်း အကျိုးကျေးဇူး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ရေဘေးအန္တရာယ် အသိပညာပေး ခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ပါဝင်ဆွေးနွေးကြသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ၊ စာဖတ်ရှိန်တိုးတက်မြင့်မားရေးနှင့် လူငယ်ရေးရာလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၃


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ရုံး ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေးနှင့် နှစ်နိုင်ငံဘက်စုံပူးပေါင်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲဆိုင်ရာအတွေ့အကြုံဖလှယ်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ရုရှားနိုင်ငံတွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို ကူညီပေးနိုင်ရေးကိစ္စနှင့် ဘာသာစကားများသင်ကြားနိုင်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ရုံး၊ သတင်းနှင့်လုံခြုံရေးဆိုင်ရာဌာနကြီးညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

(သတင်းစဉ်)

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E . Mr. Sholban Kara-Ool ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ




နေပြည်တော် ဒီဇင်ဘာ ၃

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ရုရှားဒူးမားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲကဏ္ဍအများအပြား၌ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို လက်ခံတွေ့ဆုံဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးကိုကိုသည်ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သောအဖွဲ့ကို ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်နှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒူးမားလွှတ်တော် ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသည့် အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများဖြစ်သည့် **ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်၂၀ နှစ်အောက်ဘော်လီဘောပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီးဘော်လီဘောပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ **ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ **အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့က တစ်ဖက်၃ ဂိုးစီဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၉ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ် အသင်းကို ၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို ၃ ဂိုး ၁ ဂိုး ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့်ရှမ်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။

မွန်းလွဲပိုင်းတွင် **အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ** ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းနှင့်မန္တလေးတိုင်းဒေသကြီးအသင်းတို့က ဂိုးမရှိသရေဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့ပြင် **ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲကို** ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ရမှတ်(၈၀-၄၆)မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ်(၉၄-၂၇)မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ရမှတ် (၆၅-၄၃) မှတ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရမှတ် (၅၈-၄၈) မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရမှတ် (၈၂-၁၇) မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ **ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့က တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့ပြင် **ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ** ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ **စာမျက်နှာ ၇ သို့** ■



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီး အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း တို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင် ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။

■ စာမျက်နှာ ၆ မှအဆက်

မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ **ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို** ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC–2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်နေမှုကို အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးစဉ်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ထည့်သွင်းကျင်းပသည့် ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်မျိုးတွင် ပြေးခုန်ပစ်(အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး(အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အားကစားနည်း ၂၃ မျိုးတွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘတ်စကက်ဘော (အမျိုးသား)၊ ကြက်တောင်(အမျိုးသား/အမျိုးသမီး)၊ ဘိလိယက်/ စနူကာ(အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/ အမျိုးသမီး)၊ ခရစ်ကက်(အမျိုးသား)၊ ဘောလုံး (အမျိုးသား/ အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား/ အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို (အမျိုးသား/ အမျိုးသမီး)၊ ကရာတေး (အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး)၊ ရေကူး (အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/ အမျိုးသမီး)၊ တိုက်ကွမ်ဒို(အမျိုးသား/အမျိုးသမီး)၊ တင်းနစ် (အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး)၊ မြန်မာ့သိုင်း (အမျိုးသား/ အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ဗိုဗီနမ်(အမျိုးသား/ အမျိုးသမီး)၊ အလေးမ (အမျိုးသား/ အမျိုးသမီး)၊ ဝူရှူး(အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲများ၊ မသန်စွမ်းအားကစားနည်း (၄)နည်းမျိုးတွင် ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ရေကူး(အမျိုးသား/အမျိုးသမီး)၊ ထိုင်လျက်ဘော်လီဘောနှင့် မျက်မမြင်စစ်တုရင် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ထည့်သွင်းကျင်းပလျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာလ ၄ ရက် နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုလာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ဘောလုံး ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်း ဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။

# ကောက်ညှင်းငချိပ်၏ကျန်းမာရေးကောင်းကျိုးများ

ဒေါက်တာလွင်သန့်

မြန်မာ့ရိုးရာအစားအစာ ကောက်ညှင်းငချိပ်ကို ပေါင်းစားတာ၊ ငှက်ပျောသီး၊ ကြက်သား၊ ဝက်သားတို့နဲ့ရောပြီး ကောက်ညှင်းထုပ် ထုပ်စားတာ၊ တချို့ကလည်း အုန်းနို့၊ နွားနို့တို့နဲ့ရောပြီး စားသုံးတတ်ကြပါတယ်။ ကောက်ညှင်းငချိပ်က ခန္ဓာကိုယ်အတွက် ကောင်းကျိုးတွေများစွာ ရရှိနိုင်ပါတယ်။

**နေရောင်ခြည်ဒဏ် ကာကွယ်ပေးပါတယ်။** ကောက်ညှင်းငချိပ်မှာ အာဟာရဓာတ်များစွာပါဝင်ပြီး ခန္ဓာကိုယ်အတွက် ကောင်းကျိုးတွေများစွာရရှိစေပါတယ်။ ကောက်ညှင်းငချိပ်မှာ သဘာဝအင်တီအောက်စီးဒင့်ဖြစ်တဲ့ အန်သိုသိုင်ယာနင်ဒြပ်ပေါင်းပါဝင်ပါတယ်။ အဲဒီဒြပ်ပေါင်းက နေရောင်ခြည်မှာပါဝင်တဲ့ ခရမ်းလွန်ရောင်ခြည်တွေ ခန္ဓာကိုယ်ကို မထိခိုက်နိုင်အောင် ကာကွယ်ပေးနိုင်ပါတယ်။

**ဦးနှောက်ကျန်းမာရေးကို ထိန်းပေးပါတယ်။** ကောက်ညှင်းငချိပ်စားခြင်းက ဦးနှောက်ရဲ့လုပ်ငန်းဆောင်တာကို ဖွံ့ဖြိုးတိုးတက်စေဖို့ကူညီပေးပါတယ်။ လေ့လာမှုတွေအရ ခန္ဓာကိုယ်တွင်းမှာ ဖော့စဖရပ်ဓာတ်လျော့နည်းတဲ့အခါ ဦးနှောက်နဲ့ အာရုံကြောတွေချိတ်ဆက်မှုနဲ့ အာရုံကြောဆိုင်ရာပြဿနာတွေ ဖြစ်ပေါ်ပြီး အယ်လ်ဇိုင်းမားရောဂါနဲ့ သက်ကြီးသတိမေ့ရောဂါတွေ ဖြစ်ပွားနိုင်ခြေများပါတယ်။ ဒါကြောင့် ဦးနှောက်ကျန်းမာရေးကောင်းမွန်ပြီး အသက်အရွယ်ကြီးလာတဲ့အခါ ဦးနှောက်အာရုံကြောဆိုင်ရာပြဿနာတွေမဖြစ်အောင် ကောက်ညှင်းငချိပ်ကို စားသင့်ပါတယ်။

**သွေးတွင်းသကြားဓာတ် ပုံမှန်ဖြစ်စေပါတယ်။** ကောက်ညှင်းငချိပ်က ဆီးချိုသွေးချိုရောဂါအတွက် စားသုံးသင့်တဲ့ အစားအစာဖြစ်ပါတယ်။ ခန္ဓာကိုယ်ထဲကနေ အင်ဆူလင်မထုတ်လုပ်တာနဲ့ ခန္ဓာကိုယ်ထဲမှာရှိနေတဲ့အင်ဆူလင်က အလုပ်မလုပ်တာ စတာတွေကြောင့် ဖြစ်လာတဲ့ ဆီးချိုသွေးချိုရောဂါတွေမှာ အင်ဆူလင်က ခန္ဓာကိုယ်အတွက် ကောင်းစွာ ထိရောက်စေပါတယ်။

**အရိုးနဲ့သွားကျန်းမာရေးကို ထိန်းပေးပါတယ်။** ကောက်ညှင်းငချိပ်မှာပါတဲ့ ဖော့စဖိတ်နဲ့ ကယ်လ်စီယမ်က အရိုးနဲ့ သွားတွေကျန်းမာစေဖို့ အထောက်အကူဖြစ်စေပါတယ်။

**ဆာလောင်မှုမရှိအောင် ထိန်းထားနိုင်ပါတယ်။** ကောက်ညှင်းငချိပ်မှာ ကာဗိုဟိုက်ဒရိတ်နဲ့ စွမ်းအင်ဓာတ်တွေများစွာပါဝင်တာကြောင့် အချိန်ကြာကြာဗိုက်ပြည့်တင်းစေပါတယ်။ ကောက်ညှင်းငချိပ်စားသုံးပြီးတဲ့အခါ တော်ရုံနဲ့ဗိုက်မဆာဘဲ ဗိုက်ပြည့်တင်းနေတာကြောင့် အစားအသောက်တွေ မကြာခဏမစားမိနိုင်တော့လို့ ကိုယ်အလေးချိန်မတက်အောင်လည်း ထိန်းထားပေးနိုင်ပါတယ်။

**အနာကျက်မြန်စေပါတယ်။** ခန္ဓာကိုယ်မှာ ပရိုတင်းဓာတ်ပြည့်ဝစေဖို့ ကောက်ညှင်းငချိပ်စားသင့်ပါတယ်။ ပရိုတင်းဓာတ်လုံလောက်တဲ့အခါ ခန္ဓာကိုယ်တွင်း အနာကျက်မြန်စေပြီး ဆဲလ်အသစ်တွေဖြစ်ပေါ်မှုကိုလည်း အားပေးပါတယ်။

**အရေပြားကျန်းမာရေးကို ထိန်းပေးပါတယ်။** ကောက်ညှင်းငချိပ်က တခြားဆန်အမျိုးအစားတွေလို အရေပြားရဲ့အစိုဓာတ်ကိုထိန်းပေးပြီး အသားအရေကိုအေးစေပါတယ်။ မျက်နှာကြေးချွတ်ဖို့နဲ့ ပေါင်းတင်ဖို့အတွက် ကောက်ညှင်းငချိပ်ကိုအသုံးပြုနိုင်ပြီး ဆဲလ်သေတွေဖယ်ရှားပေးတာ၊ ဆဲလ်အသစ်ဖြစ်ပေါ်တာကိုလည်း အားပေးပါတယ်။ ကောက်ညှင်းငချိပ်ကို တစ်ညရေစိမ်ပြီး မွှေစက်ထဲရေအနည်းငယ်ထည့်ကျိတ် ရလာတဲ့အနှစ်ရည်ကို မျက်နှာမှာလိမ်းပေးပြီး စက်ဝိုင်းပုံစံညင်သာစွာပွတ်ပေးသင့်ပါတယ်။ ပြီးရင် ရေကြက်သီးနွေးနဲ့ ဆေးကြောသန့်စင်သင့်ပါတယ်။



**အင်တီအောက်စီးဒင့်တွေ ပါဝင်ပါတယ်။** ကောက်ညှင်းငချိပ်မှာပါဝင်တဲ့ အင်တီအောက်စီးဒင့်က ခန္ဓာကိုယ်သက်လုံကို ကောင်းစေပါတယ်။ အင်တီအောက်စီးဒင့်က ခန္ဓာကိုယ်တွင်းဆဲလ်ပျက်စီးမှုကိုကာကွယ်ပေးပြီး ကင်ဆာရောဂါ သို့မဟုတ် အဖုအကျိတ်တွေဖြစ်ပေါ်မှုကိုလည်း တားဆီးပေးပါတယ်။ ဒါ့ပြင် အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

**သွေးအားနည်းရောဂါ မဖြစ်အောင် ကာကွယ်ပေးပါတယ်။** ကောက်ညှင်းငချိပ်မှာပါဝင်တဲ့သံဓာတ်က သွေးအားနည်းရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ တစ်ပတ်ကိုနှစ်ကြိမ် သို့မဟုတ် သုံးကြိမ်စားသင့်ပါတယ်။ သွေးလည်ပတ်မှုအဖွဲ့အစည်းမှာ သွေးနီဥထုတ်လုပ်ဖို့အတွက် သံဓာတ်က မရှိမဖြစ်လိုအပ်ပါတယ်။ သံဓာတ်ချို့တဲ့ရင် သွေးနီဥထုတ်လုပ်မှုကိုလျော့နည်းသွားစေပြီး သွေးအားနည်းရောဂါဖြစ်စေနိုင်ပါတယ်။

**သွေးတွင်းသကြားဓာတ် လျော့နည်းစေဖို့အတွက် ဈေးကြီးတဲ့ဖြည့်စွက်စာတွေ၊ ဆေးဝါးတွေသောက်သုံးမယ့်အစား ကောက်ညှင်းငချိပ် စားသုံးနိုင်ပါတယ်။** ကောက်ညှင်းငချိပ်ထမင်းစားဇွန်း(၂-၃)ဇွန်းကိုရေဆေး၊ ဖန်ခွက်ထဲထည့်ပြီး ရေနွေးပူပူထည့်ပါ။ ရေအေးသွားတဲ့အထိ အဖုံးအုပ်ထားပါ။ အနည်းဆုံးအချိန်တစ်နာရီလောက်ထားပြီး အဲဒီအရည်ကို နံနက်စာ၊ နေ့လယ်စာနဲ့ ညစာမစားခင် သုံးကြိမ်သောက်ပေးနိုင်ပါတယ်။ သွေးတွင်းဆီးချိုပမာဏပုံမှန်ဖြစ်သွားပြီဆိုရင် ဆီးချိုသွေးချိုကို ပုံမှန်ပမာဏအတွင်းရှိနေအောင် ထိန်းထားနိုင်ဖို့ တစ်ပတ်ကိုနှစ်ကြိမ်လောက် သောက်ပေးသင့်ပါတယ်။

ကောက်ညှင်းငချိပ်ပေါင်းဆိုတာ မြန်မာလူမျိုးတွေရဲ့ အကြိုက်ဆုံးအစားအစာ တစ်ခုဖြစ်ပါတယ်။

ကောက်ညှင်းငချိပ်ကို အရသာမှုန့် အနည်းငယ်၊ မြေပဲဆီ၊ ပဲပြုတ်၊ နှမ်းထောင်းတို့နဲ့ရောနယ်ပြီး ငါးခြောက်ဖုတ်၊ အုန်းသီးတို့နဲ့ တွဲပြီးစားနိုင်ပါတယ်။ ကောက်ညှင်းငချိပ်ပေါင်းကို မနက်အဆာပြေစာအနေနဲ့ စားကြတဲ့အပြင် သရေစာအနေနဲ့လည်း စားသုံးကြပါတယ်။ ကောက်ညှင်းငချိပ်က အာဟာရပြည့်ဝတဲ့အပြင် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာပေးနိုင်ကြောင်း ရေးသားလိုက်ရပါတယ်။

## ပန်းတနော်မြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေးဟောပြော

ပန်းတနော် ဒီဇင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၂ ရက်က အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ ပန်းတနော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသီတာထက်က အဖွင့်အမှာစကားပြောကြားပြီး ပန်းတနော်မြို့မရဲစခန်းမှ ဒုတိယရဲမှူးဝင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ယုမွန်မွန်အောင်က အမျိုးသမီးများ၏အခွင့်အရေးများ၊ အမျိုးသမီးများအပေါ် အကာအကွယ်ပေးထားမှုများအကြောင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမဖြစ်စေရန် လိုက်နာနေထိုင်ရန်အချက်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့်ပတ်သက်သောဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အသိပညာပေးဟောပြောသည်။ ဆက်လက်ပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိုးစိုးလတ်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့်ပတ်သက်သောအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

## မုဒုံမြို့နယ်၌ ဆောင်းသီးနှံနေကြာ စီမံကိန်းပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကွင်းသရုပ်ပြ

မုဒုံ ဒီဇင်ဘာ ၃

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ဆောင်းသီးနှံနေကြာ စီမံကိန်းပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာလ ၃ ရက်တွင် ကျောက်တလုံးကျေးရွာ ကွင်းအမှတ် (၈၂၈) ရှိ ဘုရားကျောင်းကွင်း၌ ဆောင်ရွက်သည်။

ထိုသို့ ကွင်းသရုပ်ပြပွဲဆောင်ရွက်ရာတွင် မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်မြင့်နှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အဖွဲ့ဝင်များ၊ မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စိုက်ပျိုးမှုစီမံကိန်း ပြည့်မီစွာဆောင်ရွက်နိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နေကြာမျိုးကောင်း၊ မျိုးသန့်များ ပံ့ပိုးပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ဒေသနှင့်ကိုက်ညီသောမျိုးများ ရွေးချယ်ပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ သွင်းအားစုမြေသြဇာများ သက်သာသည့်ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် စနစ်တကျထည့်သွင်းအသုံးပြုနိုင်ရေး နည်းပညာများကို ဖြန့်ဝေပေးလျက်ရှိသည်။ ယခုနှစ်တွင် မုဒုံမြို့နယ်အတွင်း နေကြာ ဧက ၁၅၀၀၊ မြေပဲ ကိုးဧက၊ နှမ်းခြောက်ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"စိတ်ကူးယဉ်ပလ္လင်ပေါ်ကလေလှိုင်းအစိုးရရဲ့ ပညာရေးကိုယုံစားမိလို့ ဒုက္ခရောက်ရတဲ့လူငယ်များ"**ခေါင်းစဉ်ဖြင့် ၄-၁၂-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အစွန်းရောက်အကြမ်းဖက်တွေရဲ့ တော်လှန်ရေးခေါင်းစဉ်အောက်မှာ အသက်၊ ငွေကြေး၊ ဘဝတွေ ရင်းနှီးနေရသောပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ China National Convention Center တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီး၊ အခြားဖိတ်ကြားထားသည့် နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်ကပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား တိုင်းရင်းဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကော်မရှင်အကြီးအကဲ ပါမောက္ခ Yu Yanhong ကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ညွှန်ကြားရေးမှူးချုပ်က Video Conferencing ဖြင့် အဖွင့်အမှာစကားပြောကြားကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီး H.E. Mr. Lei Haicho က အဖွင့်မိန့်ခွန်းပြောကြား၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Guozhong Liu က အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားပြီးနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ တက်ရောက်လာကြသောနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၏ မျက်နှာစုံညီဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းကဆွေးနွေးရာတွင် နိုင်ငံ့ကျန်းမာရေးစနစ်တွင် တိုင်းရင်းဆေးဝါးများ၏အရေးပါမှု၊ ခေတ်မီ အနောက်တိုင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများပူးပေါင်း၍ အကျိုးရှိစွာအသုံးချနိုင်မှုအခြေအနေများ၊ တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ သုတေသနများပိုမိုဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် အများလက်ခံလာနိုင်မှုအခြေအနေများ၊ တိုင်းရင်းဆေးဝါးများထုတ်လုပ်ရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အရေးပါမှုများ၊ တိုင်းရင်းဆေးဝါးနှင့်ပတ်သက်သည့် မူပိုင်ခွင့်ကိစ္စရပ်များ၊ ယုံကြည်စိတ်ချရ၍ အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများထုတ်လုပ်ရာတွင် ဆောင်ရွက်သင့်သည်များ၊ အနာဂတ်တွင် ဒေသတွင်းနိုင်ငံများအကြား အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများထုတ်လုပ်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သင့်သည်များနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းဆေးပညာကဏ္ဍတွင် အာဆီယံနိုင်ငံများ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးညီလာခံကို နှစ်စဉ်ကျင်းပလျက်ရှိပြီး နိုင်ငံတကာမှ တိုင်းရင်းဆေးပညာရှင်များလာရောက်၍ ပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ တက်ရောက်ဆွေးနွေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# ရွှေဘိုမြို့နယ်၌ မြေပဲ ၉၈၅၄ ဧက နုတ်သိမ်းပြီးစီး၊ တစ်ဧက ၄၀ ဒသမ ၀၅ တင်းထွက်ရှိ

ရွှေဘို ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောမြေပဲ ၉၈၅၄ ဧက နုတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ရွှေဘိုမြို့နယ်၌ မြေပဲ ၁၀၀၂၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောမြေပဲခင်းများကို ယခုနှစ်ဩဂုတ်လမှစတင်၍ ယနေ့အထိ ၉၈၅၄ ဧကနုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၄၀ ဒသမ ၀၅ တင်းထွက်ရှိကြောင်းသိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးချိန် ရွှေဘိုမြို့နယ်မှာ မြေပဲ ၁၀၀၂၅ ဧကအထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့အထိဧက ၉၀၀၀ ကျော် နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ဆက်လက်ပြီးနုတ်သိမ်းနေကြပါတယ်။ အထွက်နှုန်းအနေနဲ့ကောင်းမွန်ကြပါတယ်၊ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့တစ်နှစ်နဲ့တစ်နှစ်တိုးတက်လာပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဦးကပြောသည်။

ယခုနှစ် ရွှေဘိုမြို့နယ်၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်နှင့် ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ဆောင်ရွက်ပေးကြသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်၌ မြေပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

(၄၀၉)

## အကျိုးတရားများတွက်ဆင်ယင်နွှဲ အမျိုးသားအားကစားပွဲ

✧ တို့မြန်မာအားကစား
အဆင့်မြင့်မားတိုးတက်ကာ။
နိုင်ငံတကာနှင့်ယှဉ်ပြိုင်နွှဲ
ပြိုင်ပွဲတိုင်းမှာ။
အောင်မြင်မှုများစွာ
ရရှိလာစေရန်အရေး။
အားကစားကိုပြည်သူများ
စိတ်ဝင်စားမှုမြင့်မားက
ရလိမ့်မနေး။

✧ အားကစားကိုပြည်သူများ
စိတ်ဝင်စားမှုမြင့်မားလာ။
အလေးထားလုပ်ဆောင်ခြင်း
ဆောင်ကြဉ်းကြကာ။
အားကစားထူးချွန်သူများစွာ
ထွန်းကားကာလာစေမည့်။
အမျိုးသားအားကစားပွဲတော်
ဆင်နွှဲကာနော်ဖော်ဆောင်မှု
ပြုငြားပြီတည့်။

✧ တစ်ချိန်က" အာရှကျား"
တင်စားဖွယ် တို့မြန်မာ။
အားကစားအောင်လံတဝင့်ဝင့်
လွှင့်ထူပမာ။
ယခုချိန်ခါ
ပြန်လည်ကာတင့်ဆန်းရေး။
အမျိုးသားအားကစားပွဲ
ဆင်နွှဲခြင်းဖြင့် အကျိုးတရားတွေ
တိုးပွားမည်လေး။ ။

အညာဇင်ယော်

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၁၂-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း | ၈။ | ၁၁:၄၀ | Sport Review |
| ၂။ | ၇:၁၆ | မေတ္တာပို့ | ၉။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၃။ | ၇:၂၁ | ဓမ္မပူဇာတေး | | | |
| ၄။ | ၇:၄၀ | မျိုးချစ်တပ်မတော် | ၁၀။ | ၁၆:၅၀ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ |
| ၅။ | ၈:၀၅ | အမျိုးသားရေးတေးကဗျာ | ၁၁။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆။ | ၉:၂၅ | ရှေးဟောင်းသုတ | | | |
| ၇။ | ၉:၅၀ | မြန်မာသံစဉ်ချိုနှားဝင် | ၁၂။ | ည ၈ နာရီ | နိုင်ငံတကာသတင်း |
| | | | ၁၃။ | သတင်းအပြီး | မိုးလေဝသသတင်း |

# မသန်သော်လည်း စွမ်းဆောင်နိုင်စေဖို့ ဖေးမကူညီကြပါစို့

မယ်ထွေးလေး

> ❍ **မသန်စွမ်းသူများကို သန်စွမ်းသူများနည်းတူ တန်းတူညီမျှ အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းလုပ်ဆောင်နိုင်မည့်အခွင့်အလမ်းများကို ဖော်ဆောင်ပေးခြင်းဖြင့် နောင်လာမည့်အနာဂတ်တွင် မသန်စွမ်းသူတို့၏ စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာပါကြံ့ခိုင်လာကာ မသန်သော်လည်း စွမ်းသည့် စွမ်းဆောင်ရှင်များအဖြစ် နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်လာနိုင်မည်ဖြစ် . . .**

မသန်စွမ်းသူဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်ဟု မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၃၀။)တွင် ဖော်ပြထားသည်။

မသန်စွမ်းမှုများကိုလေ့လာကြည့်ပါက မွေးရာပါချို့ယွင်းမှုကြောင့် မသန်စွမ်းသူများနှင့် မတော်တဆထိခိုက်မှုကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုချို့ယွင်းအားနည်းကာ မသန်စွမ်းဖြစ်ရသူများဟူ၍ နှစ်မျိုးရှိသည်။ မသန်စွမ်းသူများ၏ဘဝမှာ ရုပ်နှင့်စိတ်တစ်ထပ်တည်းမကျနိုင်သောဘဝမျိုးဖြစ်၍ မိသားစုနှင့် ပတ်ဝန်းကျင်အသိုက်အဝန်း၏ ဖေးမကူညီမှုသည် အရေးကြီးပါသည်။ ထို့ကြောင့် မသန်စွမ်းသူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကောင်းမွန်ရေး၊ နေ့စဉ်ဘဝလိုအပ်ချက်များကို တတ်စွမ်းသမျှ ကူညီဖြည့်ဆည်းပေးရပါမည်။ ထိုသို့ နားလည်စာနာမှုနှင့် ကူညီစောင့်ရှောက်မှုကောင်းများရှိပါက မသန်စွမ်းသူများအနေဖြင့် စိတ်ဓာတ်ခွန်အားများမြင့်တက်ကာ မသန်သော်လည်း စွမ်းသူများအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် မသန်စွမ်းသူများ တစ်စတစ်စများပြားလာသည်ကို မြင်တွေ့ကြရပါမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ပူးပေါင်းထုတ်ပြန်ချက် အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ၏ တစ်ဘီလီယံကျော် (၁၆ ရာခိုင်နှုန်း)သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေကြရသူများဖြစ်သည်ဟု သိရှိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ ၅၉ သိန်းကျော် (၁၂ ဒသမ ၈ ရာခိုင်နှုန်း)သည် မသန်စွမ်းသူများဖြစ်နေသည်ကို လေ့လာသိရှိရသည်။ ဤမျှ များပြားတိုးပွားလာသော မသန်စွမ်းသူဦးရေကို အချိန်မီဖေးမကယ်ဆယ်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ စိတ်ဓာတ်မြှင့်တင်ရေး၊ လူမှုပတ်ဝန်းကျင်တွင် လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များတွင် တစ်တပ်တစ်အားပါဝင်နိုင်ရေးကို တတ်အားသမျှ လုပ်ဆောင်ပေးကြရပါမည်။

မသန်စွမ်းသူများကို စွမ်းသန်လာအောင် ကူညီစောင့်ရှောက်ရာတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)သည် အဓိကကျသောအခန်းကဏ္ဍကပါဝင်နေပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)သည် မသန်စွမ်းသူတို့ဘဝမြင့်မားရေးနှင့် လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှခံစားခွင့်ရရှိရေးအတွက် နည်းလမ်းများ ရှာကြံလုပ်ဆောင်ပေးလျက်ရှိသည်။ ကုလသမဂ္ဂ၏ မူဝါဒလမ်းစဉ်အောက်တွင် မသန်စွမ်းသူများအရေးကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားလာစေရန်နှင့် ကူညီစောင့်ရှောက်ပေးနိုင်ရန်အတွက် ၁၉၈၁ ခုနှစ်ကို မသန်စွမ်းသူများနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ကုလသမဂ္ဂမသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများအား ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်တို့ကို တိုးမြှင့်နိုင်ရန်အတွက် ကမ္ဘာ့ပထမဆုံးမသန်စွမ်းရပိုင်ခွင့်ကို အခြေခံသည့် ကမ္ဘာလုံးဆိုင်ရာနည်းဗျူဟာကို ချမှတ်ခဲ့ပါသည်။ ထိုနေ့ကို အထူးပြုပြီး ၁၉၉၂ ခုနှစ်တွင် ကျင်းပသော (၄၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ဆုံးဖြတ်ချက်အရ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ်သတ်မှတ်ခဲ့သည်။ ထို့ပြင် လူ့အဖွဲ့အစည်းအတွင်း မသန်စွမ်းသူများ အပြည့်အဝပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်းတူညီမျှရရှိရေးတို့ကို မြှင့်တင်ပေးရန်ဟူသော ဦးတည်ချက်များဖြင့် ၁၉၈၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ ဆယ်စုနှစ်အဖြစ် သတ်မှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုတတ်စေရန်ဟူသောရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂမသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းသို့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် အတည်ပြုဝင်ရောက်ခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ (၃၂)တွင် နိုင်ငံတော်သည် မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ထိရောက်စွာကူညီစောင့်ရှောက်ပေးနိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေကို ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းပြီး ရည်ရွယ်ချက်(၅)ရပ်၊ လုပ်ငန်းတာဝန်(၂၅)ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ မဟာဗျူဟာငါးနှစ်စီမံကိန်း ၂၀၂၂-၂၀၂၇ တွင် မသန်စွမ်းသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ၊ အလွယ်တကူလက်လှမ်းမီရယူအသုံးပြုနိုင်မှု စသည့်ကဏ္ဍမျိုးစုံပါဝင်သဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးများကို ပိုမိုထိရောက်စွာဆောင်ရွက်လာမည်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုတွင် အားနည်းသူကို ဖေးကူတတ်သောအလေ့အထမှာ ရှေးယခင်ကပင် ရှိခဲ့သည့် မြတ်နိုးဖွယ်ရာအစဉ်အလာတစ်ခုပင်ဖြစ်သည်။ မိသားစုတွင် မသန်စွမ်းသူရှိနေပါက မိဘဆွေမျိုးများက ဝိုင်းဝန်းစောင့်ရှောက်လေ့ရှိသည်။ မိဘဆွေမျိုးမရှိပါက ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ခိုကိုးရာရိပ်သာစခန်းများက ကရုဏာထား ဖေးမကူညီစောင့်ရှောက်ကြသည်ကို တွေ့မြင်နိုင်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ရပ်တည်နိုင်ရေးအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် သက်ဆိုင်ရာဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေများရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်အစိုးရနှင့် စေတနာရှင်အဖွဲ့အစည်းများပူးပေါင်း၍ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီအောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

မသန်စွမ်းသူတို့ဘဝ မြင့်မားတိုးတက်ရန် လူမှုဝန်ထမ်းကဲ့သို့ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းကာ မသန်စွမ်းသူများပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်နေသည်ကိုလည်း တွေ့မြင်ရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုရေးအဖွဲ့အစည်းများနှင့်လက်တွဲ၍ သက်ကြီးမသန်စွမ်းသူများအား အဆင့်မြင့်စက်ချုပ်၊ ဆံသ၊ အလှပြင် စသည့်သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေး၍ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်သည်အထိ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အမြင်အာရုံ၊ အကြားအာရုံ ချို့ယွင်းသူများအတွက် ကွန်ပျူတာ၊ စက်ချုပ်အတတ်ပညာ၊ ကြိမ်ထိုး၊ ပန်းထိုး၊ အနင်းအနှိပ်အတတ်ပညာများကို သင်ကြားပေးလျက်ရှိရာ မသန်စွမ်းသူများအတွက် နေ့စဉ်ဘဝမိသားစုဝင်ငွေ အထောက်အပံ့ကောင်းသဖွယ်ရရှိလာစေပါသည်။ ထို့ပြင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ(ရန်ကုန်)၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်၊ မန္တလေး)၊ နားမကြားသော ကလေးများကျောင်း(ရန်ကုန်၊ မန္တလေး)၊ မျက်မမြင်ကျောင်း (ရန်ကုန်၊ စစ်ကိုင်း)ဟူ၍ သင်တန်းကျောင်းရှစ်ကျောင်းကို ဖွင့်လှစ်ထားပြီးဖြစ်သည်။

လက်ရှိအခြေအနေတွင် မသန်စွမ်းသူများအတွက် မည်သို့ပင်အခွင့်အရေးများ ဖန်တီးပေးနေစေကာမူ မသန်စွမ်းသူများမှာ လူမှုဝန်းကျင်တွင် အခြားသူများနှင့် တန်းတူအခွင့်အရေးရှိရန် အခြေအနေနည်းပါးနေဆဲဖြစ်သည်။ ကုလသမဂ္ဂက ချမှတ်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၇)ရပ်အနက် ပန်းတိုင်(၈)တွင် မသန်စွမ်းသူများအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်ခလစာ တန်းတူရရှိမည့် အခွင့်အလမ်းများ ဖန်တီးခြင်းနှင့် လူငယ်များ အလုပ်လက်မဲ့ဖြစ်မှုလျှော့ချရေး၊ အလုပ်သမားဈေးကွက်တွင် ဝင်ဆံ့နိုင်ရေးတို့ပါဝင်ပြီး ပန်းတိုင်(၁၀)တွင် မသန်စွမ်းသူများကို လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကဏ္ဍများတွင် ပါဝင်လုပ်ဆောင်နိုင်စေရန်ဖော်ပြထားသည်။ ထို့ကြောင့် မသန်စွမ်းသူများအား လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်လာနိုင်ပြီး တူညီသောအခွင့်အရေးများ ရရှိလာစေရန်အတွက် လူ့အသိုင်းအဝိုင်းတစ်ခုလုံးက ဝိုင်းဝန်းပံ့ပိုးကူညီကြရမည်ဖြစ်သည်။ မသန်စွမ်းသူများအတွက် အလုပ်ခွင်၊ ကျောင်း သို့မဟုတ် အခြားပတ်ဝန်းကျင်များတွင် ကျိုးကြောင်းဆီလျော်သော နေရာထိုင်ခင်းများ၊ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ အဆောက်အအုံများဆောက်လုပ်ရာ၌ မသန်စွမ်းသူများ ဝင်ရောက်အသုံးပြုနိုင်သည့် လှေကားများ၊ လျှောက်လမ်းများ ဆောက်လုပ်ပေးခြင်း၊ မသန်စွမ်းမှုအမျိုးမျိုးအတွက် အများပြည်သူသွားလာလှုပ်ရှားရာနေရာများတွင် ဘီးတပ်ကုလားထိုင်များ လွယ်ကူအဆင်ပြေစွာသွားလာနိုင်သည့် ချဉ်းကပ်လမ်းများနှင့် လုံခြုံသောနေရာထိုင်ခင်းများပါရှိအောင် ဒီဇိုင်းရေးဆွဲဆောက်လုပ်ပေးခြင်းဖြင့် သန်စွမ်းသူများနည်းတူ တန်းတူအခွင့်အရေးများ ရရှိစေလာမည်ဖြစ်ပါသည်။

မသန်စွမ်းသူများ၏အခွင့်အရေးများတွင် အားလုံးပါဝင်နိုင်သော ပညာသင်ကြားခွင့်ရရှိရေးသည်လည်း အထူးလိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်အတွက် မသန်စွမ်းကလေးများ ပုံမှန်ကျောင်းတက်ခွင့်ရရန်အတွက် လိုအပ်သောကူညီပံ့ပိုးမှုများရရှိရန် လိုအပ်သည်။ အားလုံးပါဝင်နိုင်သောပညာရေးသည် မသန်စွမ်းကျောင်းသားများအတွက် ပညာရေးဆိုင်ရာရလဒ်များ တိုးတက်လာစေရန်နှင့်လူမှုရေးဆိုင်ရာပါဝင်လက်ခံနိုင်မှုကို မြှင့်တင်စေနိုင်ပါသည်။

ထို့ပြင် လူမှုရေးကိစ္စများ၊ အပန်းဖြေမှုကိစ္စများတွင် မသန်စွမ်းသူများ ပါဝင်နိုင်ရေးအတွက် ကြုံတွေ့နိုင်သည့် အခက်အခဲအတားအဆီးများကို ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဖယ်ရှားပေးရမည်။ ထိုသို့လုပ်ဆောင်ပေးရုံမျှမက အခြားတစ်ဖက်တွင်လည်း မသန်စွမ်းသူများ လျော့နည်းပပျောက်အောင် စီမံလုပ်ဆောင်ပေးရပါမည်။ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေး အသိရှိလာစေရန် ဆောင်ရွက်ပေးခြင်း၊ လူတစ်ဦးအတွက် နေ့စဉ်လိုအပ်သော အာဟာရဓာတ်များကို သင့်တင့်မျှတအောင် စားသောက်တတ်စေရန် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းမှုပြဿနာများ လျော့နည်းကင်းဝေးစေမည်ဖြစ်သည်။ မတော်တဆထိခိုက်မှု၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့မှုကြောင့် မသန်စွမ်းဖြစ်ခြင်းမှ ကင်းဝေးစေရန် ပြည်သူအားလုံး၏ အသိတရားနှင့် သတိထားကာကွယ်ကြရမည်ဖြစ်သည်။

အချုပ်ဆိုရသော် ဤကမ္ဘာမြေတွင် မသန်စွမ်းသူများ လုံးဝပပျောက်မသွားသည့်တိုင်အောင်ရှိနေသည့် မသန်သူများကို စွမ်းလာအောင် ဖေးမကူညီအားပေးရပါမည်။ မသန်စွမ်းသူတို့၏ နေ့စဉ်ဘဝရှင်သန်မှုဖြစ်စဉ်တိုင်းတွင် သွားရေးလာရေးအဆင်ပြေစေမည့် နည်းလမ်းများ၊ အရေးပေါ်ကြုံတွေ့နိုင်သည့် ကျန်းမာရေးပြဿနာများကို နည်းလမ်းများကြံဆရှာဖွေလုပ်ဆောင်ပေးရပါမည်။ မသန်စွမ်းသူများကို သန်စွမ်းသူများနည်းတူ တန်းတူညီမျှအခွင့်အရေးများရရှိစေရန်ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းလုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးခြင်းဖြင့် နောင်လာမည့်အနာဂတ်တွင် မသန်စွမ်းသူတို့၏ စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာပါကြံ့ခိုင်လာကာ မသန်သော်လည်းစွမ်းသည့် စွမ်းဆောင်ရှင်များအဖြစ် နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်လာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## မသန်စွမ်းသူများ၏စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍကို ဦးစားပေးမြှင့်တင်ပေးရမည်ဖြစ်






မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတကာ

**စာမျက်နှာ ၁၂ သို့** ❍



မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင်ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင်ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ခရီးသွားလာရေး ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အလုပ်အကိုင်အခွင့်အလမ်း ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။






မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားတွင် မသန်စွမ်းကလေးများ၏ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။




မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီဆိုကပြဖျော်ဖြေခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့်သက်ဆိုင်သောအထိမ်းအမှတ်ဓာတ်ပုံပြခန်းများကိုကြည့်ရှုစဉ်။





မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများ၏ လက်မှုထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။

❍ **စာမျက်နှာ ၁၁ မှအဆက်**

အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ပူးပေါင်းပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်နှင့် မသန်စွမ်းမှုဆိုင်ရာအရေးကိစ္စများကို အများပြည်သူသိရှိနားလည်စေရန်အတွက် ဒီဇင်ဘာလ(၃)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ပြီး ကုလသမဂ္ဂက ဦးဆောင်မှုနှင့် ကမ္ဘာတစ်ဝန်းတွင် ၁၉၉၂ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၃၁)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

ယနေ့ကျရောက်သည့် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးကသတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်သည် **"Amplifying the leadership of persons with disabilities for an inclusive and sustainable future" "အနာဂတ်မှာ အားလုံး**

**စာမျက်နှာ ၁၃ သို့** ❍

**⇨ မသန်စွမ်းသူများ၏ဘဝတွင် ရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲအတားအဆီးများ၊ တန်းတူညီမျှရပိုင်ခွင့်များ၊ ပူးပေါင်းဆောင်ရွက်မှု စသည့်စိန်ခေါ်မှုများကို လူသားအားလုံးက လက်တွေ့ကျအောင် ဖြေရှင်းဆောင်ရွက်ပေးကြရန်လို၊ လူလူချင်းတူသော်လည်း ဘဝကံကြမ္မာအကျိုးပေးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းအားနည်းနေသူများကို စာနာထောက်ထားဖေးမကူညီပြီး မသန်သော်လည်း စွမ်းဆောင်ရည်ပြည့်ဝသည့်၊ လောကအကျိုးကို သယ်ပိုးနိုင်သည့်လူသားတစ်ဦးဖြစ်လာအောင် ကူညီအားပေးကြရန်လိုအပ် . . .**

**⇨ မသန်စွမ်းသူများသည် အများနည်းတူ ရာနှုန်းပြည့်ကျန်းမာသန်စွမ်းမှုမရှိသော်လည်း ၎င်းတို့၏ကောင်းမွန်ပြီး ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်အစိတ်အပိုင်းနှင့်ကိုက်ညီသည့် လှုပ်ရှားဆောင်ရွက်နိုင်မည့်ကဏ္ဍအလိုက် ပါဝင်လုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်ပေးကြရမည်ဖြစ် . . .**

❍ စာမျက်နှာ ၁၂ မှအဆက်

**ရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"**ဖြစ်ကြောင်း။

ကမ္ဘာ့လူဦးရေသန်းပေါင်း ၈,၂၀၀ အနက် ၁၆ ရာခိုင်နှုန်းဖြစ်သော သန်းပေါင်း ၁၃၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုး ရှိသူများဖြစ်ကြကြောင်း၊ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည့် ၅ ဒသမ ၉ သန်းသည် မသန်စွမ်းသူများဖြစ်ကြောင်းကိုတွေ့ရှိရကြောင်း၊ ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင်လည်း မသန်စွမ်းသူဦးရေအချိုးအစား ကြီးကြီးမားမား ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ဘဝတွင် ရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲအတားအဆီးများ၊ တန်းတူညီမျှရပိုင်ခွင့်များ၊ ပူးပေါင်းဆောင်ရွက်မှု စသည့်စိန်ခေါ်မှုများကို လူသားအားလုံးက လက်တွေ့ကျအောင် ဖြေရှင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လူလူချင်းတူသော်လည်း ဘဝကံကြမ္မာအကျိုးပေးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းအားနည်းနေသူများကို စာနာထောက်ထားဖေးမကူညီပြီး မသန်သော်လည်း စွမ်းဆောင်ရည်ပြည့်ဝသည့်၊ လောကအကျိုးကို သယ်ပိုးနိုင်သည့် လူသားတစ်ဦးဖြစ်လာအောင် ကူညီအားပေးကြရန်လိုအပ်ကြောင်း။

ထို့ကြောင့် အားလုံးအကျိုးဝင်ပါဝင်နိုင်ပြီး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းကိုတည်ဆောက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ကျန်ရစ်နေသည်မျိုးမရှိအောင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စွမ်းဆောင်နိုင်မှုအပေါ်မူတည်ပြီး မသန်စွမ်းသူများကို ဦးဆောင်သည့် အခန်းကဏ္ဍများတွင် နေရာပေးဆောင်ရွက်ပေးကြရန်လည်း လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ် နားလည်လက်ခံနိုင်စွမ်းကို ဖော်ဆောင်ပေးရာလည်း ရောက်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် **"မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRPD)"**ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများအရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၂၀၁၅ နှင့် နည်းဥပဒေများ ၂၀၁၇ တို့ကို အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုဖွဲ့စည်းထားရှိပြီး မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီ(၉)ခုကို ဖွဲ့စည်းထားရှိပြီးဆောင်ရွက်လျက်ရှိကြောင်း။

မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍကို ဦးစားပေးမြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၆ ခုနှစ်လေ့လာဆန်းစစ်ချက်များအရ မသန်စွမ်းသူ ကလေးသူငယ်နှစ်သိန်းသုံးသောင်းခန့်ရှိပြီး အဆိုပါအထဲက ကလေးသုံးဦးတွင် နှစ်ဦးသည် ကျောင်းမတက်ကြဘဲ ၃၆ ရာခိုင်နှုန်းခန့်သာ စာရေးစာဖတ်နိုင်ကြောင်းသိရကြောင်း၊ ထို့ကြောင့်အနာဂတ်တွင် မသန်စွမ်းသူများအတွက် ပညာရေးကို ပိုမိုအလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများအပေါ် ခွဲခြားမှုမရှိသော သင်ရိုးညွှန်းတမ်းနှင့် အလေ့အကျင့်များ ကျင့်သုံးခြင်း၊ အထူးပညာရေး ဆရာ၊ ဆရာမများကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သင်ကြားမှု၊ သင်ယူမှုပြုနိုင်ရန်အတွက် လိုအပ်သော နည်းပညာနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖြစ်စေရန်အတွက် အများပြည်သူဆိုင်ရာနေရာများ၊ အဆောက်အဦများကို မသန်စွမ်းသူများအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ အများသုံးသယ်ယူပို့ဆောင်ရေးယာဉ်များတွင် မသန်စွမ်းသူများလိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ သတင်းအစီအစဉ်များတွင် Sign Language နှင့် ပြသခြင်းများဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားများတွင်လည်း မသန်စွမ်းသူများ အတားအဆီးမဲ့ခရီးသွားလာနိုင်အောင်ဆောင်ရွက်ပေးမှုအတွက် ဂုဏ်ပြုဆုကို နှစ်စဉ်ထည့်သွင်းချီးမြှင့်ပေးလျက်ရှိကြောင်း။

မသန်စွမ်းသူများသည် အများနည်းတူ ရာနှုန်းပြည့် ကျန်းမာသန်စွမ်းမှုမရှိသော်လည်း ၎င်းတို့၏ကောင်းမွန်ပြီး ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်အစိတ်အပိုင်းနှင့် ကိုက်ညီသည့် လှုပ်ရှားဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ပါဝင်လုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ပေးမည်ဆိုပါက မသန်စွမ်းသူများ၏ စိတ်အားငယ်မှု၊ သိမ်ငယ်မှုများပပျောက်စေပြီး မသန်သော်လည်း စွမ်းသည့်စွမ်းဆောင်ရှင်များအဖြစ် လောကကို တတ်အားသမျှ အကျိုးပြုနိုင်သူများဖြစ်လာအောင် အားပေးဂုဏ်ပြုမြှင့်တင်သွားကြရန် တိုက်တွန်းလိုကြောင်း။

မသန်စွမ်းသူများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် လူမှုရေးပိုင်းဆိုင်ရာ အကျိုးဝင်မှုသာမက စီးပွားရေးအကျိုးဝင်မှုပါရရှိပြီး အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများ ဖြစ်ကြောင်း နားလည်လက်ခံပြီး မသန်စွမ်းသူများကို အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်စေခြင်း၊ မူဝါဒနှင့်ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများတွင် တာဝန်ထမ်းဆောင်စေခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူအားလုံး လွှမ်းခြုံနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့်မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ် ၂၂ ခုတွင် လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ယနေ့အထိ ၅၉၃၇ ဦး မသန်စွမ်းမှတ်ပုံတင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများအပေါ်ထားရှိသည့် မကောင်းမြင်စိတ်နှင့် လွဲမှားသောအယူအဆ အတွေးအမြင်များပပျောက်ရေးအတွက် တိုက်တွန်းနှိုးဆော်ခြင်း၊ အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ထို့ပြင် သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ကြရာတွင်လည်း မသန်စွမ်းသူများအနေဖြင့် အများတကာတွေထက် ပိုမိုထိခိုက်ခံစားရကြောင်း၊ ထို့ကြောင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများပါဝင်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

မသန်စွမ်းသူများအရေး ဆောင်ရွက်ပေးရာတွင် မသန်စွမ်းသူများကိုယ်တိုင်နှင့် မသန်စွမ်းသူများအရေး ဆောင်ရွက်ပေးနေသည့်အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးလိုအပ်ကြောင်း၊ ထို့ပြင်ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက်ဆောင်ရွက်ကြရန် အသိပေးပြောကြားလိုကြောင်း။

ယခုနှစ်တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဦးတည်ချမှတ်ထားသော **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှုမြှင့်တင်ပေး"** ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ၏ ခေါင်းဆောင်မှုစွမ်းရည်မြင့်တက်စေခြင်း၊ ဦးဆောင်သည့်ကဏ္ဍများတွင် ပါဝင်စေခြင်းနှင့် မသန်စွမ်းသူများ၏အမြင်နှင့်သဘောထားကို အလေးထားထည့်သွင်းပေးခြင်းတို့ဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးကို မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလာရေးဂုဏ်ပြုဆုရရှိကြသူများကိုလည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အလုပ်အကိုင်အခွင့်အလမ်းဂုဏ်ပြုဆုနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာဗီဒီယိုမက်ဆေ့နှင့်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်ဗီဒီယိုမှတ်တမ်းတို့ကိုပြသပြီး မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းနှင့်အတူ ဘီးတပ်ကုလားထိုင်ဖြင့် စွမ်းရည်ပြကပြဖျော်ဖြေကြသည်။

ယင်းနောက် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကလေးငယ်များက "စိတ်ဓာတ်ခွန်အားရွက်လွှင့်ထား" တေးသီချင်းဖြင့်လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း(ရန်ကုန်)မှ မသန်စွမ်းကလေးများက "ရေအိုးယိမ်း"တေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သီဆိုကပြဖျော်ဖြေခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့်သက်ဆိုင်သော စာအုပ်များ၊ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကိုကြည့်ရှုခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

နေပြည်တော်  ဒီဇင်ဘာ  ၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV6 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၃-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၇.၀ | ၄၄.၆ |
| ပူတာအိုမြို့ | ၇.၈ | ၄၆.၀ |
| မြစ်ကြီးနားမြို့ | ၈.၅ | ၄၇.၃ |
| လွိုင်လင်မြို့ | ၁၀.၂ | ၅၀.၄ |
| တီးတိန်မြို့နှင့်ပြင်ဦးလွင်မြို့ | ၁၀.၃ | ၅၀.၅ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၁၁.၀ | ၅၁.၈ |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ကြေညာချက်**
**ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ( ၄ )ရက်**

၂၀၂၅ ခုနှစ်၊ မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ပါသည်-

**၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၁၇-၃-၂၀၂၅<br>တနင်္လာနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီ အထိ | မြန်မာစာ |
| ၁၈-၃-၂၀၂၅<br>အင်္ဂါနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၉-၃-၂၀၂၅<br>ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီ အထိ | သင်္ချာ |
| ၂၀-၃-၂၀၂၅<br>ကြာသပတေးနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီ အထိ | ဓာတုဗေဒ/ပထဝီဝင် |
| ၂၁-၃-၂၀၂၅<br>သောကြာနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီ အထိ | ရူပဗေဒ/သမိုင်း |
| ၂၂-၃-၂၀၂၅<br>စနေနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီ အထိ | ဇီဝဗေဒ/ဘောဂဗေဒ |

# MSME ထုတ်ကုန်ပြခန်းများ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး




နေပြည်တော်  ဒီဇင်ဘာ  ၃

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပမည့် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ MSME များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသရောင်းချရန် ပြင်ဆင်နေမှု၊ တည်းခိုရေးစခန်း (ရွာတော်)တွင် ထုတ်ကုန်ပစ္စည်းများ ရောင်းချနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ယခုကျင်းပသည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အသင်းအုပ်ချုပ်သူ နည်းပြ၊ အားကစားသမားများ ဝင်ရောက်ပါဝင်ယှဉ်ပြိုင်သဖြင့် ယခုပြသရောင်းချသည့် ထုတ်ကုန်ပစ္စည်းများသည် ကြော်ငြာစရာမလိုဘဲ မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့သိရှိသွားမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနသည် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ပေးလျက်ရှိသဖြင့် လုပ်ငန်းရှင်များမှ ကြုံတွေ့နေရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြကြရန် မှာကြားသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် တည်းခိုရေးစခန်း(ရွာတော်)တို့တွင် MSME များမှထုတ်လုပ်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ အလှကုန်၊ အားကစားပစ္စည်းစသည့် ပြခန်း ၄၀ ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်း သိရသည်။ (၅၀၀)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများ တည်းခိုနေထိုင်မှုအဆင်ပြေစေရေး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော်  ဒီဇင်ဘာ  ၃

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့သွားရောက်ကာ တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ၊ အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ချုပ်သူများတည်းခိုနေထိုင်မှုနှင့်ဧည့်ခံကျွေးမွေးမှု အဆင်ပြေစေရေးလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးသည် တည်းခိုနေထိုင်ကြသည့် ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ၊ ဖျော်ဖြေရေးအဖွဲ့များအား ဧည့်ခံကျွေးမွေးနေမှုအခြေအနေ၊ အစားအစာများ ချက်ပြုတ်ပြင်ဆင်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို မှာကြားသည်။



ယင်းနောက် တည်းခိုရေးစခန်းအတွင်း ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များ၊ ကုန်စုံဆိုင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ဒေသထွက်ကုန် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုပြီး စားသောက်ဆိုင်များတွင် သန့်ရှင်းလတ်ဆတ်သည့် အစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကိုသာ ရောင်းချရန်၊ ရောင်းမကုန်သည့် တစ်ရက်အတွင်း စားသုံးရမည့် အစားအစာများကို နောက်ရက်တွင် ပြန်လည်ရောင်းချခြင်း မပြုရန်၊ အမှိုက်များကို စနစ်တကျစွန့်ပစ်သိမ်းဆည်းခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ နည်းပြများ တည်းခိုနေထိုင်သည့်အဆောင်များ၊ အိပ်ခန်းများ၊ ဆေးကုသမှုခံယူနိုင်ရန် ဖွင့်လှစ်ထားသည့် ဆေးခန်းများ၊ အိပ်ဆောင်များ ပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ထားမှုများနှင့် ရေသန့်စင်စက်များဖြင့် သုံးရေများ သန့်ရှင်းအောင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးတင်ဦးလွင်၊ ဦးကိုကိုလွင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြားရေးယခင်ကတည်းက ရင်းနှီးသည့် ဆက်ဆံမှုများရှိခဲ့ပြီး ယခုအခါချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများ ချစ်ကြည်ရေးခရီးအပြန်အလှန်သွားရောက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားနိုင်ငံမှလေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့်အခြေအနေများ၊ ဥပဒေပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ဘာသာရေးနှင့်ယဉ်ကျေးမှုများဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်နိုင်မှုအခြေအနေများ၊ လူငယ်ရေးရာကိစ္စရပ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ၊ အပြန်အလှန်ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရေးဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်သည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့်ဓာတ်မြေဩဇာများထုတ်လုပ်နိုင်ရေးနှင့် စက်မှုလုပ်ငန်းများတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မှုအခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

> **❝ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားနိုင်ငံမှ လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့်အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေး. . . ❞**

❑ **စာမျက်နှာ ၁၇ မှအဆက်**

ခွင့်ပြုပေးသွားမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့ တာဝန်ယူသည့်ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်မည့်စီမံကိန်းများကိုသာ ဆောင်ရွက်ကြစေလိုပြီး လုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်ရန်လည်း တာဝန်ယူရန်လိုကြောင်း။

စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုများ လုပ်ဆောင်ရသည့် ဝန်ကြီးဌာနများနှင့်ပတ်သက်၍လည်း အကျိုးအမြတ်ကို ဖော်ဆောင်ပေးနိုင်သည့်ဌာနများရှိသကဲ့သို့ အောင်မြင်မှုမရှိသည့် ဌာနများလည်းရှိကြောင်း၊ နိုင်ငံအတွက်အကျိုးရှိမည့်လုပ်ငန်းများကို ဆက်လက်အားပေးရမည်ဖြစ်သကဲ့သို့ အကျိုးအမြတ်ဖော်ဆောင်ပေးနိုင်မှုမရှိသည့်လုပ်ငန်းများကို ပြန်လည်သုံးသပ်၍ ရပ်တန့်သင့်ကရပ်တန့်သွားရန်လိုကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပါက အကျိုးရှိစေလိုပြီး စီးပွားရေးအရတွက်ချက်ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၏တင်ပြချက်များအရ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များအား ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းများဖြင့် မည်ကဲ့သို့ရောင်းချပေးလျက်ရှိသည်၊ ဆန်ဖူလုံမှု မည်မျှရှိသည်တို့ကို ရာနှုန်းများဖြင့် တင်ပြကြသည်ကိုတွေ့ရကြောင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံရေးနှင့်ပတ်သက်၍ အစိုးရကဆောင်ရွက်ပေးမှုမဟုတ်ဘဲ လူတိုင်းကလုပ်ဆောင်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖူလုံမှုများရှိနေသည်ဟုဆိုပါက အခြေခံစားကုန်များကုန်ဈေးနှုန်းကြီးမြင့်ရန် အကြောင်းမရှိကြောင်း၊ ထို့ကြောင့် အခြေခံစားကုန်ဖူလုံရေးကို အဓိကထား ဆောင်ရွက်ကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်နိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းအပြည့်အဝရရှိအောင် ဆောင်ရွက်ရန်၊ ယခုကျောင်းတက်နေသည့် ကျောင်းတက်နေသူအားလုံး စာမေးပွဲဖြေဆိုနိုင်ရေးနှင့် ကျောင်းများအန္တရာယ်ကင်းရှင်းစွာဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မူလတန်းနှင့် အလယ်တန်းပြဆရာ၊ ဆရာမများသည် လက်ဦးဆရာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝရန်လိုအပ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Poly-technic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ဝါနှင့်ဝါးကို အခြေခံသည့် စက်မှုလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝါးကုန်ကြမ်းများပေါများစွာရှိသည့်အတွက် ဝါးကိုအခြေခံသည့် စက္ကူနှင့်ပျော့ဖတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်လည်း အကျိုးရှိမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေသုံးစွဲမှုကိုသက်သာစေမည်ဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်းကုန်ကြမ်းသာမက ရော်ဘာကုန်ချောများထုတ်လုပ်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ကြက်သွန်စိုက်ပျိုးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် မိမိတို့နိုင်ငံ၏ အနီးပတ်ဝန်းကျင်တွင် ဈေးကွက်ရှိပြီးဖြစ်သဖြင့် ကြက်သွန်ကို တိုးချဲ့စိုက်ပျိုးပြီး ပြည်ပသို့တင်ပို့နိုင်ရေးဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရသင့်ရထိုက်သည့် အခွန်အခများအပြည့်အဝကောက် ခံရရှိပြီး ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ပိုမိုအသုံးပြုနိုင်စေရန် ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မကြာမီကာလအတွင်း ကျင်းပပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရရှိရှိ ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားအမျိုးအစားများအလိုက် စံချိန်စံညွှန်းများတိုးတက်ကောင်းမွန်အောင်လည်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားပြီးအစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

အလားတူ နံနက်ပိုင်းကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နိုင်ငံအတွင်း ဝင်ငွေနှင့်ထွက်ငွေကိုလည်း မျှတအောင်ဆောင်ရွက်နိုင်ရန်လို၊ ကုန်ထုတ်လုပ်မှုကို မဖြစ်မနေတိုးမြှင့်ဆောင်ရွက်၍ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်လို၊ လက်ရှိတင်ပို့နေသည်ထက် နှစ်ဆခန့်ပိုမိုတင်ပို့နိုင်ရန်လို၊ ကုန်ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေးကောင်းမွန်ရမည်ဖြစ်




ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

❑ ကျောဖုံးမှအဆက်

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက်(၉)ရပ်သည် နိုင်ငံတော်၏မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများအလိုက် တိုက်ရိုက်ဆောင်ရွက်ရခြင်းများရှိသကဲ့သို့ နိုင်ငံတော်မှ တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းများလည်းရှိကြောင်း၊ ဥပမာအားဖြင့် နိုင်ငံရေးဦးတည်ချက်ဖြစ်သည့် **“ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး”** ဆိုသည့်အချက်နှင့်ပတ်သက်၍ ၎င်းအပေါ် အခြေခံ၍ မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းများသည် ဒီမိုကရေစီနှင့်ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကိုသွားသည့် လုပ်ဆောင်ချက်မျိုးဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးသည်လည်း အလားတူပင်ဖြစ်ကြောင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အဆင့်ဆင့်ခွဲဝေပေးထားပြီးဖြစ်၍ မှန်မှန်ကန်ကန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ပေးမှ ဆောင်ရွက်ခြင်းထက် လုပ်သင့်လုပ်ထိုက်သည်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း။

❖ **စီးပွားရေးနှင့်ပတ်သက်၍ တိုးတက်မှုနည်းပါးနေသေးသည်ကိုတွေ့ရ၊ ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုများဖြင့် ကျေနပ်နေ၍မရဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ်တိုးတက်အောင်မြင်မှုရှိရန်လို၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် မှားယွင်းမှုများဖြစ်ပေါ်စေနိုင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စီးပွားရေးရာဝန်ကြီးများနှင့် စီမံကိန်းရေးဆွဲရေးဌာနများအနေဖြင့် စီမံကိန်းများရေးဆွဲရာတွင် လက်တွေ့ကျသည့် စီမံကိန်းနှင့် ပြည်သူကိုအမှန်တကယ်အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျအသေးစိတ်တွက်ချက်ရေးဆွဲရန်လို၊ နိုင်ငံ့ဘဏ္ဍာငွေများကိုသုံးစွဲရာတွင်လည်း လက်တွေ့အကျိုးပြုစေနိုင်မည့်နေရာများ၌သာ သုံးစွဲသွားရန်လို. . .**

အလားတူ **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး”** ဆိုသည့်အချက်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ရခြင်းရှိသကဲ့သို့ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရခြင်းများလည်းရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှလုပ်ဆောင်ရသည်များလည်းရှိကြောင်း၊ ဌာနဆိုင်ရာအသီးသီးမှလည်း ဆောင်ရွက်ရသည်များလည်းရှိကြောင်း၊ ထိုသို့အဆင့်ဆင့်ဆောင်ရွက်သွားမည်ဆိုပါက ငြိမ်းချမ်းရေးနှင့်ပတ်သက်သော နိုင်ငံရေးဦးတည်ချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ ဥပမာများသာဖြစ်ကြောင်း၊ ဦးတည်ချက်များကိုချမှတ်ရာတွင် တစ်ချက်ချင်းစီအလိုက် သက်ဆိုင်ရာဖော်ပြချက်များအားလုံးသည် အဓိပ္ပာယ်ရှိပြီးဖြစ်ကြောင်း၊ အဆိုပါအချက်များကို မိမိတို့ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်မှုရှိ/မရှိ ပြန်လည်သုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း။

❖ **စီးပွားရေးနှင့်ပတ်သက်၍ အသား၊ ငါးနှင့် အခြေခံစားကုန် ကုန်ဈေးနှုန်းများကြီးမြင့်လာမှုများဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့ရှိရ၊ ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ၏ အခြေခံစားကုန်များနှင့်ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာတင်၍ ရောင်းချသွားရန်လို၊ ပြည်သူများအားရောင်းချရာတွင် အမြတ်ငွေနည်းနည်းနှင့် ပမာဏများများရောင်းချနိုင်ခြင်းဖြင့် ပြည်သူလူထုသက်သာချောင်ချိမှုရှိအောင် ဆောင်ရွက်ပေးကြရန်ဖြစ် . . .**

### မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်ရသည့် လုပ်ငန်းရပ်များကို အားသွန်ခွန်စိုက် အောင်မြင်အောင် ဆောင်ရွက်ကြစေလို

အစိုးရတစ်ရပ်ဟူသည်မှာ တာဝန်ထမ်းဆောင်ရာတွင် အချိန်ကာလအရ ကန့်သတ်မှုများရှိကြောင်း၊ ထို့ကြောင့်ရရှိသည့်အချိန်ကာလအတွင်း ထမ်းဆောင်ရမည့်နိုင်ငံ့တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်ချိန်တွင် ကိုဗစ် - ၁၉ ဖြစ်ပွားမှုနှင့် နိုင်ငံရေးအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် ကြုံတွေ့ခဲ့ရသည့်အတွေ့အကြုံများမှ သင်ခန်းစာရယူ၍ တိုးတက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ တိုးတက်မှုနည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုများဖြင့်ကျေနပ်နေ၍မရဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ် တိုးတက်အောင်မြင်မှုရှိရန်လိုကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် မှားယွင်းမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စီးပွားရေးရာဝန်ကြီးများနှင့် စီမံကိန်းရေးဆွဲရေးဌာနများအနေဖြင့် စီမံကိန်းများရေးဆွဲရာတွင် လက်တွေ့ကျသည့်စီမံကိန်းနှင့် ပြည်သူကို အမှန်တကယ်အကျိုးပြုနိုင်သည့်စီမံကိန်းများဖြစ်စေရေး စနစ်တကျအသေးစိတ်တွက်ချက် ရေးဆွဲရန်လိုကြောင်း၊ မြေပြင်အခြေအနေမှန်များကို လေ့လာသုံးသပ်ပြီးမှသာ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဘဏ္ဍာငွေများကိုသုံးစွဲရာတွင်လည်း လက်တွေ့အကျိုးပြုစေနိုင်မည့်နေရာများ၌သာသုံးစွဲသွားရန်လိုကြောင်း။

### ကုန်ဈေးနှုန်းများကျဆင်းရေး အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်၍ အသား၊ ငါးနှင့် အခြေခံစားကုန် ကုန်ဈေးနှုန်းများ ကြီးမြင့်လာမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ၏



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အခြေခံစားကုန်များနှင့်ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာတင်၍ ရောင်းချသွားရန်လိုကြောင်း၊ ပြည်သူများအား ရောင်းချရာတွင် အမြတ်ငွေနည်းနည်းနှင့် ပမာဏများများ ရောင်းချနိုင်ခြင်းဖြင့် ပြည်သူလူထုသက်သာချောင်ချိမှုရှိအောင် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

ကုန်ဈေးနှုန်းကြီးမြင့်မှုများအပေါ် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ကုန်ဈေးနှုန်းများဖြစ်စေရေး စေတနာထား၍ အပင်ပန်းခံဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံအတွင်း ဝင်ငွေနှင့်ထွက်ငွေကိုလည်း မျှတအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေတိုးမြှင့်ဆောင်ရွက်၍ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်လိုကြောင်း၊ လက်ရှိတင်ပို့နေသည်ထက် နှစ်ဆခန့်ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကို ယခုထက်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် incentive များပေးရန်လိုကြောင်း၊ အလုပ်အကိုင်များဖန်တီးရာတွင် လိုအပ်သည့်သွင်းအားစုများကိုလည်း လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ထုတ်လုပ်မှုကိုမဖြစ်မနေတိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး **"မှတစ်ပါး အခြားမရှိ"** ကြောင်း၊ ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများဖြစ်ရန်လိုကြောင်း၊ ကုန်ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ယင်းအချက်နှစ်ချက်ဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်ပြောကြားလိုကြောင်း။

**❖ စိမ်းလန်းသာယာစိုပြည်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Green Zone Area များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လို၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကို ကြုံတွေ့ရနိုင်မည်ဖြစ်၊ ပြီးခဲ့သည့်မိုးရာသီ၌ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခဲ့ကြပြီး စိုက်ပျိုးခဲ့သည့်အပင်များ ဆက်လက်ရှင်သန်ဖြစ်ထွန်းစေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လို . . .**

**အချက်အလက်များ မှန်ကန်မှုရှိရန်လိုအပ်မှု**

ကိန်းဂဏန်းအချက်အလက်များ ခိုင်မာမှန်ကန်ရေးနှင့်ပတ်သက်၍လည်း ထပ်မံပြောကြားလိုကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံတွင် ဝါများပိုလျှံမှုရှိသည်ဟု ကိန်းဂဏန်းအချက်အလက်များအရသိရှိရပြီး ပြည်ပသို့တင်ပို့ထားသည့် ကိန်းဂဏန်းအချက်အလက်နှင့် အမှန်တကယ်တင်ပို့ထားသည့်အချက်အလက်များ ကွဲလွဲနေသည်ကိုတွေ့မြင်ရကြောင်း၊ ဆန်နှင့်ပတ်သက်၍လည်း နှစ်စဉ်ပိုလျှံမှုများရှိကြောင်း၊ သို့သော် ပိုလျှံသည့်ဆန်နှင့် ပြည်ပသို့တင်ပို့သည့်ဆန်ပမာဏကွာခြားနေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်မှတင်ပြသည့်အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ စိစစ်ရခြင်းဖြစ်ပြီး ကိန်းဂဏန်းအချက်အလက်များအရ လွဲမှားမှုမဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြေပြင်ထွက်ရှိသည့်အထွက်နှုန်းများနှင့် အစိုးရတာဝန်ရှိသူများထံသို့ တင်ပြသည့်အချက်အလက်များ ကိုက်ညီမှုရှိရန်နှင့် မြေပြင်အမှန်အတိုင်းဖြစ်ရန်လိုကြောင်း။

**Green Zone Area များ ဖော်ဆောင်ပြီး စိမ်းလန်းစိုပြည်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရေး**

စိမ်းလန်းသာယာစိုပြည်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Green Zone Area များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကို ကြုံတွေ့ရနိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်မိုးရာသီ၌ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခဲ့ကြပြီး စိုက်ပျိုးခဲ့သည့်အပင်များဆက်လက်ရှင်သန်ဖြစ်ထွန်းစေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ အချိန်၊ ငွေကြေးနှင့်လုပ်အားအရင်းအနှီးများ များစွာကုန်ကျခံပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် အောင်မြင်မှုရှိအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာများတွင်လည်း သစ်ပင်သစ်တောများရှင်သန်မှုရှိအောင် စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားကြရန်လိုပြီး ဒေသအလိုက်၊ နယ်အလိုက် အနီးကပ်ရှိသည့် အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းနယ်များ၊ မီးရထားလမ်းနယ်များနှင့်ပတ်သက်၍လည်း လမ်းမကြီးများ ဥပဒေ၊ မီးရထားလမ်းဥပဒေတို့နှင့်အညီ စနစ်တကျဖြစ်ရန်လိုကြောင်း၊ ခေတ်အဆက်ဆက်ထိန်းသိမ်းကြပ်မတ်မှုအားနည်းခဲ့၍ လမ်းနယ်များ၊ မီးရထားလမ်းနယ်များနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

**ကုန်ထုတ်လုပ်မှုစွမ်းအားရှိသည့်နိုင်ငံဖြစ်စေရေး အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လို**

အလုပ်သမားရှားပါးမှုပြဿနာနှင့်ပတ်သက်၍ အချို့လုပ်ငန်းရှင်များ၏ တင်ပြချက်များအရသိရှိရကြောင်း၊ မိမိတို့နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် ပညာအရည်အချင်းအားနည်းကြကြောင်း၊ ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာသစ်တော သားငါးကဏ္ဍတွင် လုပ်ကိုင်ကြသူများဖြစ်သဖြင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမှ အလုပ်အကိုင်များဖော်ဆောင်ပေးနိုင်ရေး လက်ရှိအခြေအနေ၌ မဖြစ်မနေလိုအပ်လျက်ရှိကြောင်း၊ လူဦးရေသန်းပေါင်းများစွာရှိသည့် နိုင်ငံများအနေဖြင့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ကြသည့်ပမာဏမှာ မသိသာသော်လည်း မိမိတို့ကဲ့သို့ လူဦးရေနည်းပါးသောနိုင်ငံအတွက်မူလျော့သွားသည်မှာ သိသာကြောင်း၊ အလုပ်လုပ်ကိုင်မည့် စွမ်းအားများ လျော့နည်းသွားသည်ဖြစ်သဖြင့် ထိုက်တန်သည့်အလုပ်အကိုင်နှင့် လုပ်ခလစာများ ရရှိရေးကို ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်အနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ သို့မှသာ ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်စွမ်းအားများမြင့်တက်လာပြီး Supply နှင့် Demand မျှအောင်လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့်ပို့ကုန်များ တိုးတက်လာပြီး ဝင်ငွေတိုးတက်လာပါက ငွေကြေးဈေးနှုန်းများလည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း။

**ပြည်တွင်းဆီစားသုံးမှုဖူလုံရေး**

ဆီဖူလုံရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် ၂၀၂၁ ခုနှစ်ကတည်းမှစ၍ ၄၁ ကြိမ်တိုင် တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ စီးပွားရေးဦးတည်ချက်တွင်လည်း **"ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"** ကို ထည့်သွင်းချမှတ်ထားပြီး မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှုဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း၊ ဆီထွက်သီးနှံများနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို စနစ်တကျအဖြေရှာ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ နည်းလမ်းရှာ၍ လုပ်ဆောင်မည်ဆိုပါက ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လူသာလျှင်အရေးကြီးပြီး လူတို့၏စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုသည် အဓိကအရေးကြီးကြောင်း။

**စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက်ရယူဆောင်ရွက်ရန်လို**

စီမံကိန်းအသစ်များဖော်ဆောင်မှုနှင့်ပတ်သက်၍လည်း အနည်းငယ်ပြောကြားလိုပြီး စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက်ယူဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းပြည်အတွက်အကျိုးရှိမည်ဆိုပါက **စာမျက်နှာ ၁၅ သို့** ❑

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives delegation led by deputy chairman of State Duma of Federal Assembly of Russian Federation

NAY PYI TAW December 3

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by H. E. Mr. Sholban Kara-Ool, Deputy Chairman of the State Duma of the Federal Assembly of the Russian Federation, which paid a courtesy call on the Senior General at the credential hall of the Office of the Chairman of the SAC this morning.

Also present together with the Senior General were Secretary General Aung Lin Dwe and members General Mya Tun Oo and U Wunna Maung Lwin of the SAC, Chairman U Ko Ko of the Union Election Committee, union ministers Dr Kan Zaw, Dr Thida Oo, U Tin Oo Lwin and officials and the deputy chairman of the State Duma of the Federal Assembly of the Russian Federation was accompanied by Ambassador of the Russian Federation to Myanmar H.E. Mr. Iskander Azizov and delegation members.

They frankly exchanged views on growing long-standing friendship and cooperation between the two countries, exchanges of friendly visits by senior officers from the two countries, the firm stance of the Russian Federation concerning Myanmar political developments in the international area, Myanmar's strong position on political developments in the Russian Federation, preparation for free and fair elections in Myanmar, arrangements to invite election observers from the Russian Federation, cooperation in the legal sector, ex-changes in religious and cultural matters, cooperation in the youth affairs, expansion of tourism and mutual trade, enhancement of technical cooperation in the manufacturing and agriculture sectors, production of fertilizer for agriculture, cooperation for industrial development and enhancement of cooperation in the electricity, manufacturing, energy and other sectors.



Senior General Min Aung Hlaing receives H. E. Mr. Sholban Kara-Ool, Deputy Chairman of the State Duma of the Federal Assembly of the Russian Federation.

After the discussions, the Senior General and the deputy-chairman exchanged gifts and posed for group documentary photographs.

100

►► From Page - 21

sufficient resources are provided to create employment opportunities. Regarding production, efforts must be made to increase output as it is imperative, with **"no alternative."** Products must meet quality standards and be marketable. If products are similar, they should be priced competitively; if prices are the same, quality must be superior. By focusing on these two key aspects, success can be achieved. Therefore, Chief Ministers of regions and states, along with relevant ministries, are urged to deliberate and take action accordingly.

**The need for accuracy of data**

There is a need to emphasize the importance of the accuracy of numerical data. For example, it has been observed that the data on cotton in our country show a surplus, but there is a discrepancy between the data reported for export and the actual data. Similarly, there is an annual increase in rice production, but the quantity of rice exported differs from the reported figures. The data presented by regions and states should be verified by the relevant ministries to ensure that no errors occur in the numerical data. It is essential to ensure that the data presented to government officials aligns with the actual field outcomes and reflects the true situation on the ground.

**Development of green zone areas and building a green, thriving future for the nation**

Regarding the development of green and sustainable areas, it is necessary to establish Green Zone Areas across regions and states, with relevant authorities being required to take strict action. This is a vital task that must be meticulously managed, as failure to do so could lead to deforestation and climate change in the future. During the last rainy season, tree planting campaigns were carried out, and it is important to continue working to ensure that the planted trees survive and thrive. The government has already invested substantial time, money, and resources in promoting environmental sustainability, so it is essential to maintain and protect these efforts to ensure their success. In addition, tree planting and conservation efforts should be carried out along roadways and railways to ensure the survival of forests. Local administrators and responsible authorities must oversee and enforce these efforts at the regional and district levels. Roadside areas and railway lines should also comply with road laws and railway regulations to maintain order and sustainability. There has been a lack of consistent management in the past, and it is now crucial that the responsible parties act in accordance with regulations and standards to ensure that roadways and rail-way corridors meet established environmental criteria.

**Creating a country with productive capacity and expanding employment opportunities**

Regarding the issue of labor shortages, it has been observed from the reports of certain employers that approximately 70 percent of the country's population resides in rural areas, and around 50 percent have limited educational qualifications. Around 41 percent of the population is employed in agriculture, forestry, and fisheries. Therefore, it is crucial for us to create employment opportunities based on agricultural production in the current context. In countries with large populations with millions of people, the number of citizens working abroad may not be immediately visible, but it is noticeable that in countries with smaller populations, like ours, the trend has decreased significantly. As the available workforce decreases, it is necessary to ensure that people can access suitable employment opportunities with fair wages. Thus, it is important to create job opportunities in each region and state to promote local development. If the production capacity increases and supply and demand can be balanced, it will be possible to control commodity price inflation. This, in turn, can lead to improved exports, higher revenues, and a potential decrease in currency inflation.

**Domestic oil consumption security**

Regarding oil security, it has been emphasized that since 2021, 41 times have been raised regarding this issue. The economic policy also includes the objective of **"Promoting the cultivation of oil crops to ensure domestic oil security, and working towards achieving the target goals, so that the country can not only achieve domestic sufficiency but also**

See Page - 19►►

►► From Page - 18

**export oil."** However, it has not yet been possible for us to ensure domestic consumption security. Concerning oil crops, it has not been possible to achieve the target goals, and therefore it is necessary to systematically find solutions and take actions to ensure success. If we seek and implement the right methods, success will be achievable. It is crucial that people are at the forefront, and the management and leadership of the people are of paramount importance.

**Need for consensus in implementing new projects**

Regarding the implementation of new projects, it is important to emphasize that generally, a consensus must be reached before proceeding with these projects. If the projects benefit the country, permission will be granted, and they should be completed within the specified timeframe. During the period of responsibility, only projects that can be effectively completed should be pursued, and it is essential to take responsibility for ensuring the successful completion of these projects.

Concerning the ministries involved in economic activities and production, while there are ministries that can generate profits, there are also those that have not achieved success. It is necessary to continue supporting those projects that benefit the country, while also reassessing and halting those that cannot generate profit. Regarding state-owned enterprises, the goal is to ensure they are beneficial and to encourage sound economic practices.

Then, the chairman of Nay Pyi Taw Council and chief ministers of regions and state who were attending the meeting reported to the Senior General on matters related to education, health, agriculture and manufacturing tasks.

**Additional instructions given**

After hearing the reports, the Senior General said it was found that agriculture and livestock products are distributed to the people at reasonable prices and rice sufficiency percentages were also reported. Not only the government but also everyone must exert effors for food security in respective regions and states. If food security ensured in regions and states, there will be no reason for rising basic food prices. Therefore, it is necessary to place emphasis on sufficiency of basic foodstuffs.

In connection with education, it is necessary to enable all school-aged children to go to school and study, to maintain full percentage passing rates, to take measures to allow all students to take examinations and to open schools safely. As primary and middle school teachers are first teachers for students, they are required to be competent. Steps will be taken to open polytechnic universities in respective regions and states.

As for the economy, industries based on cotton and bamboo must be established. As bamboo raw materials are abundantly available in regions and states, it will be beneficial for them to establish paper and pulp industries based on bamboo and it will also save foreign exchange spending of the country. In relation with rubber production, efforts must be made to produce rubber raw materials as well as rubber finished products. Regions and states, where onions are cultivated, are required to expand onion acreage for exports as there are markets for the crop near the country. Ministries, regions and states are urged to fully collect taxes to ensure more spending for the country and the people.

Then, union ministers reported to the Senior General on their relevant sectors.

Afterward, the Senior General made concluding remarks by urging participants to make efforts to organize the upcoming national sport festival in accordance with its essence and to improve the sport standards in respective sports.

Similarly, a meeting of the National Economic Committee of the Republic of the Union of Myanmar was held at the meeting hall of the Office of the Chairman of the SAC this morning.

**100**

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses International Day of the Persons with Disabilities, 2024



Vice-Senior General Soe Win addresses the celebration of International Day of the Persons with Disabilities, 2024.

NAY PYI TAW December 3

International Day of the Persons with Disabilities (IDPD), 2024 was observed at MICC-II here this morning, addressed by Chairman of National Committee on Rights of Persons with Disabilities Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were SAC members, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, deputy ministers, members of the national committee and work committees, representatives of international organizations, officials of Myanmar Federation of Persons with Disabilities, invited guests and officials.

In his speech, the Vice-Senior General said the 3rd of December was set as the International Day of the Persons with Disabilities to encourage support for the dignity, rights and well-being of persons with disabilities and promote understanding of disability issues, and since 1992, the Day is being globally observed under the leadership of UN every year. Myanmar held the IDPD for the first time in 1994 and the present one is the 31st anniversary.

The theme for this year's IDPD is **"Amplifying the leadership of persons with disabilities for an inclusive and sustainable future."**

Of the global population of 8,200 million, 16 percent or over 1,300 million are people with some kind of disability. Interim census shows that 12.8 percent or 5.9 million people of Myanmar's population are PWD. Hence, not only the world, but also Myanmar has a high proportion of PWD.

The entire mankind must find practical solutions for the issues and challenges of the PWD -- hardships, equal rights and cooperation. With sympathy, people should support the persons who have physical and mental disabilities to become able persons who can serve the interest of the world, despite their disability.

Hence, all must encourage PWD and enable them to take part in building an inclusive and sustainably developing human society. They must not be left behind. Based on their performance, PWD should be given in the leadership roles. Involvement of PWD will promote understanding of the diversity in society.

The Republic of Union of Myanmar signed the **United Nations Convention on the Rights of Persons with Disabilities (UNCRPD)** on 7 December 2011 and approved and promulgated the Rights of Persons with Disabilities Act, 2015 in 2017. The country set up the National Committee on Rights of Persons with Disabilities, and also formed the work committee and nine subcommittees to implement the policies and work programs adopted by the national committee.

In efforts to enhance the capabilities of people with disability, priority must be given to the education sector. A 2016 survey revealed that approximately 230,000 children with disabilities reside in the country, with two-thirds of them not attending school, and only 36 percent possessing basic literacy skills. As a result, it is crucial to focus more on education for people with disabilities in the

See Page - 20 ●●

●● From Page - 19

future. Efforts are being made to ensure that people with disabilities can access basic education, receive vocational training, and participate in inclusive curricula and practices. Additionally, there is a concerted effort to train special education teachers and provide necessary technologies and teaching aids, enabling people with disabilities to learn on an equal footing with others.

To create a barrier-free environment, public spaces and buildings must be made accessible to people with disabilities. Arrangements should also be made to allow people with disabilities to travel on public transportation. Additionally, there is a need to provide sign language and presentations in news programs. An award is presented annually during the International Day of Persons with Disabilities commemoration ceremonies, recognizing efforts to ensure barrier-free travel for people with disability.

People with disabilities, like the general population, may not possess complete health, but they should be given opportunities to engage in activities that suit their functional abilities. By ensuring this, society can help reduce feelings of discouragement and inferiority among people with disability, empowering them to become capable individuals who can contribute to the world to the fullest extent of their abilities.

By participating in vocational activities, people with disabilities will gain both social and economic benefits, enabling them to live independently. It is crucial to recognize and accept that people with disabilities are capable individuals, and they should be included in organizations, particularly in positions where policies and decisions are made.

To achieve inclusive development for all people with disabilities, a disability classification and registration process is currently underway in 21 project townships. As of now, 5,937 individuals have been registered as disabled. It is essential to provide support and education to overcome negative attitudes and misconceptions surrounding people with disabilities.

In addition, people with disabilities are disproportionately impacted by natural disasters compared to the general population. As a result, it is crucial to address the specific needs of people with disability in disaster mitigation efforts. There is also a pressing need to expand the implementation of natural disaster drills and awareness programs that actively involve people with disability.




Vice-Senior General Soe Win visits a commemorative booth.



Vice-Senior General Soe Win presents medal to a winner.

Cooperation between people with disabilities and organizations that provide services to them is crucial in delivering effective support. Additionally, it is essential to emphasize the need for working in compliance with the established laws, rules, and regulations.

In line with the motto of this year's International Day of Persons with Disabilities, **"Amplifying the leadership of persons with disabilities for an inclusive and sustainable future,"** he emphasized the importance of encouraging collaboration with individuals with disabilities. He stated that enhancing the leadership skills of people with disabilities, including them in leadership positions, and considering their perspectives and opinions are essential for helping them achieve their rights.

Later, Vice-Senior General Soe Win awarded medals, certificates of honor, and cash prizes to the first, second, and third place winners of the open division article contest held in commemoration of the International Day of Persons with Disabilities.

Then, SAC member Admiral Tin Aung San presented awards and certificates of honor to the winners of the Basic Education Level Essay Competition, also SAC member Lt-Gen Yar Pyae presented awards for barrier-free travel for the disabled. After that, Vice Chairman (1) of the National Committee Union Minister Dr. Soe Win presented awards and certificates of honor to students who participated in the Employment Opportunity Award and Essay Competition.

After that, a video message from the UN Secretary-General and a video recording commemorating the International Day of Persons with Disabilities were shown. U Thein Han Thu, Vice Chairman (2) of the National Committee and President of the Myanmar Federation of Persons with Disabilities, delivered a speech of thanks.

Then, members of the Federation performed a wheelchair dance to the song "A Song for Unity."

After that, children from Kyimyindine School for the Blind performed a dance to the song "Sail of Strength," while children with disabilities from School the Deaf Children (Yangon) performed a dance to the song "Yay Ohh Yane."

Then, the Vice-Senior General presented awards and cash prizes to those who performed.

Later, the Vice-Senior General posed for a group photo with the attendees of the ceremony and toured the display of books, handicrafts, and commemorative photo galleries related to people with disabilities. 100





Vice-Senior General Soe Win applauds as the persons with disabilities give their performances.

# SAC Chairman Prime Minister Senior General Min Aung Hlaing addresses Union government meeting



Senior General Min Aung Hlaing addresses the Union government meeting.

NAY PYI TAW December 3

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing this afternoon delivered an address at the Union government meeting at the meeting hall of the Office of the SAC Chairman in Nay Pyi Taw.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, union ministers, union-level dignitaries and officials, the Nay Pyi Taw Council Chairman together with chief ministers from regions and states through video conferencing.

**Implementation of roadmap and objectives for development of the nation**

First, the Senior General delivered an opening speech, saying that the SAC is implementing the Roadmap and objectives for the development of the nation. The five-point Roadmap represent the vision and political aspirations of the State, while the nine objectives are the policies of the State and summarize the duties of the government. These tasks are carried out either directly by government ministries or implemented directly by the State. For instance, regarding the political directive, **"To strengthen a genuine, disciplined multi-party democratic system and to build a Union based on democracy and federalism,"** the activities must align with steps that contribute to building a Union system based on democracy and federal system. All regions and states are similarly structured, with responsibilities and authorities delegated at various levels. It is necessary to implement and execute these in a proper and effective manner. Rather than merely carrying out assigned duties based on the state or region, it is essential to actively address what should be done and appropriately implement actions to fulfill those responsibilities.

Similarly, the point **"Priority will be given to the achieving peace as the essence of the state and stabilizing the results of the peace process in alignment with the agreements in the Nationwide Ceasefire Agreement (NCA) to the extent possible"** highlights the responsibilities of the Union Government, as well as the actions required by relevant ministries. It also mentions the responsibilities of states and regions, along with tasks to be undertaken by respective departments. If such step-by-step efforts are carried out, the implementation of the political direction related to peace will become more effective. These examples demonstrate that each directive carries its own significance and relevance. The Union Government and regional governments are responsible for implementing these directives, and it is necessary to regularly review and assess the success or shortcomings of the tasks carried out.

**Need to make utmost efforts to have achieve success in assigned projects**

A government is subject to time limitations in carrying out its duties. Therefore, it must successfully fulfill its national responsibilities within the given timeframe. During our government's tenure, we faced and overcame challenges such as the COVID-19 pandemic and political crises. From those experiences, we must learn lessons and work towards progress. It is evident that economic growth remains slow and needs further improvement. According to the data, it is important not to be content with successes on paper but to ensure actual progress and achievements on the ground. If the data is inaccurate, it could lead to errors in the formulation of development plans for the country. Therefore, economic ministers and planning departments in the states and regions must carefully design realistic and practical plans that genuinely benefit the public. It is essential to thoroughly study and analyze the actual ground situation before implementing plans. Furthermore, the nation's financial resources should only be utilized in areas that can bring tangible benefits.

**Emphasize increased production to decline commodity prices**

Regarding the economy, it has been observed that the prices of meat, fish, and basic food commodities are rising. Producers and business owners are urged to sell these basic commodities at reasonable and fair profit margins. By selling larger quantities with smaller profit margins, they can help alleviate the financial burden on the public and contribute to their welfare measures.

It is necessary for the Union-level, Regional, and State governments to systematically regulate rising prices. Efforts should be made with genuine intent to ensure fair and appropriate pricing while taking on the required challenges. It is also important to maintain a balance between national income and expenditure. To achieve this, production must be increased without fail to enable greater exports. The goal should be to double the current export levels. Additionally, employment opportunities should be created, and incent-ives should be provided to boost manufacturing industries to further increase production.

It is essential to ensure that

**See Page - 18►►**


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဂါဇာရှိဓားစာခံများကိုမလွှတ်ပေးပါက ပြဿနာအကြီးကြီးတက်စေမည်ဟု ထရမ့်ပြော

ဝါရှင်တန်ဒီစီ၊ စစ်ရေး

အမေရိကန်သမ္မတလောင်း ဒေါ်နယ် ထရမ့်က လက်ရှိဂါဇာဒေသတွင် အဖမ်းခံထားရဆဲဖြစ်သည့် အစ္စရေးနိုင်ငံသားဓားစာခံများကို ချက်ချင်းလွှတ်ပေးရန်နှင့် မလွှတ်ပေးပါက ပြဿနာအကြီးကြီးတက်စေမည်ဖြစ်ကြောင်းပြောသည်။

ဒေါ်နယ်ထရမ့်က လာမည့်နှစ်ဇန်နဝါရီလ ၂၀ ရက်တွင်သမ္မတတာဝန်များကိုစတင်ထမ်းဆောင်တော့မည်ဖြစ်ပြီး ထိုရက်မတိုင်မီတွင် ကျန်ရှိနေတဲ့ဓားစာခံများအားလုံးကိုပြန်လွှတ်ပေးရန်နှင့်ထိုရက်ထက်ပို၍နောက်ကျသွားမည်ဆိုပါက အရှေ့အလယ်ပိုင်းဒေသတွင်သာမက လူသားမျိုးနွယ်စုအပေါ် ရက်စက်ကြမ်းကြုတ်သောပြစ်မှုကျူးလွန်သူများကို ပြဿနာအကြီးကြီးတက်စေမည်ဖြစ်ကြောင်း ထရမ့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် သတိပေးရေးသားလိုက်ခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်၏သတိပေးမှုက ဂါဇာဒေသရှိ ဟားမက်တို့အပေါ်စစ်ဆင်နွှဲနေသည့် အစ္စရေး၏စစ်ရေးလုပ်ဆောင်မှုများတွင် အမေရိကန်စစ်ဘက်က တိုက်ရိုက်ကြားဝင်စွက်ဖက်မည်ဟု အဓိပ္ပာယ်ရသောခြိမ်းခြောက်သည့်စကားဟုတ်၊ မဟုတ်ကိုမူ သေချာမသိရသေးပေ။

ထရမ့်၏မိတ်ဖက်များကမူ ထရမ့်အနေဖြင့်သမ္မတတာဝန်မထမ်းဆောင်မီ ဂါဇာအရေး၌ အပစ်အခတ်ရပ်စဲရေးရရှိပြီး ဓားစာခံများကိုလည်း ပြန်လွှတ်ပေးမည်ဟု မျှော်လင့်ကြောင်း ပြောထားသည်။

ဟားမက်တို့ ထိန်းသိမ်းထားသည့် ဓားစာခံများအနက် အမေရိကန်-အစ္စရေးနိုင်ငံသားခံယူထားသူ အိုမာန့်ုထရာ သေဆုံးသွားပြီဖြစ်ကြောင်းနှင့်ရုပ်အလောင်းကို ဟားမက်တို့က ထိန်းသိမ်းထားကြောင်း အစ္စရေးအစိုးရက ထုတ်ပြန်ပြီးနောက် ထရမ့်က ယခုလိုသတိပေးလိုက်ခြင်းဖြစ်သည်။

Ref: SCMP



# ကုန်သွယ်ရေးကိုလက်နက်အဖြစ်သုံးသည့် အမေရိကန်ကို တရုတ်က ပြန်လည်တုံ့ပြန်



ပေကျင်း၊ ကုန်သွယ်ရေး

ကုန်သွယ်ရေးကို လက်နက်အဖြစ်သုံးသည့်အမေရိကန်ကို တရုတ်ကကုန်စည်တင်ပို့မှုတားမြစ်ခြင်းဖြင့် ပြန်လည်တုံ့ပြန်လိုက်ကြောင်းသိရသည်။

အမေရိကန်က တရုတ်နိုင်ငံသို့ ချစ်ပြားများထုတ်လုပ်ရာတွင်အသုံးပြုနိုင်သောအစိတ်အပိုင်းများနှင့် ဆော့ဝဲများတင်ပို့မှုကိုကန့်သတ်ကြောင်း ဒီဇင်ဘာလ ၂ ရက်တွင် ထုတ်ပြန်သည်။

ထို့နောက် တစ်ပိုင်းလျှပ်ကူးပစ္စည်းများထုတ်လုပ်မှုတွင်သာမက စစ်လက်နက်ပစ္စည်းများထုတ်လုပ်ရာတွင်ပါ အသုံးပြုနိုင်သည့် အဓိကကျသောကုန်ကြမ်းပစ္စည်းများနှင့် အခြားသောပစ္စည်းများ အမေရိကန်သို့တင်ပို့မှုကို တားမြစ်လိုက်ကြောင်း တရုတ်အစိုးရက ဒီဇင်ဘာလ ၃ ရက်တွင် ထုတ်ပြန်လာခြင်းဖြစ်သည်။

ယခုကဲ့သို့ အမေရိကန်သို့ကုန်ပစ္စည်းများတင်ပို့မှုတားမြစ်ခြင်းသည် အမျိုးသားလုံခြုံရေးအကျိုးစီးပွားများ ဘေးကင်းစိတ်ချရမှုရှိစေရန်နှင့် နိုင်ငံတကာက ပြဋ္ဌာန်းထားသောတာဝန်ဝတ္တရားများကို လိုက်နာခြင်းဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

တရုတ်က အမေရိကန်သို့တင်ပို့မှုတားမြစ်လိုက်သည့် ကုန်ကြမ်းပစ္စည်းများတွင် ဂယ်လီယမ်၊ ဂျာမေနီယမ်၊ ခနောက်စိမ်းနှင့် မာကျောမှုအဆင့်မြင့်မားသည့် ကုန်ကြမ်းပစ္စည်းများအပြင် ခဲနက်နှင့်ပတ်သက်သောပစ္စည်းများလည်းပါဝင်သည်။

အဆိုပါ ကုန်ကြမ်းပစ္စည်းများကို ကွန်ပျူတာချစ်ပြားများသာမက ဆိုလာပြားများနှင့် အဆင့်မြင့်ရေဒါပစ္စည်းများထုတ်လုပ်ရာတွင် အသုံးပြုရခြင်းဖြစ်သည်။

ထို့ပြင်တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဂယ်လီယမ်ဒြပ်စင်ကိုအများဆုံးထုတ်လုပ်သူဖြစ်သည်သာမက ဂျာမေနီယမ်ဒြပ်စင်ကိုလည်း အများဆုံးတင်ပို့သူဖြစ်ကြောင်းနှင့်အမေရိကန်က ဂယ်လီယမ်ဒြပ်စင်လိုအပ်မှုအတွက် တရုတ်နိုင်ငံကိုအားထားနေရကြောင်းသိရသည်။

Ref: RT

# ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း၌ တိုက်ပွဲများကြောင့် ပြည်သူ ၅၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးရ

ဒမတ်စကပ်၊ စစ်ရေး

ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း၌ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် နိုဝင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အတွင်း မှာပင်ပြည်သူ ၅၀၀၀၀ ကျော်မှာ အိုးအိမ်စွန့်ခွာထွက်ပြေးရကြောင်း ကုလသမဂ္ဂ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးရုံးက ဒီဇင်ဘာလ ၂ ရက်တွင် ထုတ်ပြန်သည်။

ဟာယတ်တာရီယာအယ်ရှမ်းအကြမ်းဖက်အဖွဲ့နှင့် အခြားသောလက်နက်ကိုင်သောင်းကျန်းသူများက ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းတွင် နိုဝင်ဘာလ ၂၇ ရက်ကတည်းက ဆီးရီးယားအစိုးရတပ်ဖွဲ့များအပေါ် တိုက်ပွဲများဖော်ဆောင်လာခြင်းဖြစ်သည်။

ထို့နောက်ရက်ပိုင်းအတွင်းမှာပင် အဆိုပါအကြမ်းဖက်သမားများက ဆီးရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော အလက်ပိုမြို့ကို သိမ်းပိုက်ရရှိသွားခြင်းဖြစ်သည်။

ယခုကဲ့သို့ အလက်ပိုမြို့ကိုအကြမ်းဖက်သမားများကသိမ်းပိုက်ရရှိခြင်းသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပထမဆုံးဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ဆီးရီးယားတပ်မတော်က ရုရှားလေတပ်ဖွဲ့၏အကူအညီဖြင့် ထိုအကြမ်းဖက်သမားများကို နိုင်ငံအရှေ့ပိုင်းဒေသသို့တိုက်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref: Sputnik



# တောင်ကိုရီးယားသမ္မတက အရေးပေါ်စစ်အုပ်ချုပ်ရေးအမိန့်ကြေညာ လွှတ်တော်က ထိုအမိန့်ကို ဖျက်သိမ်း

ဆိုး၊ ပြည်တွင်းရေး

တောင်ကိုရီးယားသမ္မတယွန်ဆက်ယိုက ဒီဇင်ဘာလ ၃ ရက် ညပိုင်းတွင် နိုင်ငံအတွင်းအရေးပေါ်စစ်အုပ်ချုပ်ရေးအမိန့်ကိုကြေညာလိုက်သည်။ သို့သော်ထိုသို့ကြေညာပြီး နာရီပိုင်းအတွင်း ဒီဇင်ဘာလ ၄ ရက် နံနက် ၁ နာရီတွင် အမျိုးသားလွှတ်တော်က သမ္မတ၏အမိန့်ကို ဖျက်သိမ်းကြောင်းထုတ်ပြန်လိုက်သည်။

ထိုသို့ အရေးပေါ်စစ်အုပ်ချုပ်ရေးအမိန့်ကြေညာခြင်းသည် မြောက်ကိုရီးယားကိုလိုလားသောအင်အားစုများကို ချေမှုန်းခြင်းဖြစ်ကြောင်းနှင့် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပါလွတ်လပ်ခွင့်ကို ကာကွယ်ခြင်းဖြစ်ကြောင်း ယွန်ဆက်ယိုကပြောသည်။

တောင်ကိုရီးယားအစိုးရ၏အတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီက လွှတ်တော်၏အစိုးရအသုံးစရိတ်ဆိုင်ရာကော်မတီကို အစိုးရ၏အသုံးစရိတ်များလျှော့ချရန်ဖိအားပေးခြင်းနှင့် နိုင်ငံတော်စာရင်းစစ်ချုပ်နှင့်ရှေ့နေချုပ်တို့ကို ရာထူးမှဖြုတ်ချရန် အဆိုတင်သွင်းခြင်းတို့ လုပ်ဆောင်ပြီးနောက် ယွန်ဆက်ယိုက အရေးပေါ်စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ပွဲကာလအတွင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ်၊ နိုင်ငံတော်ကအရေးပေါ်အခြေအနေနှင့် တွေ့ကြုံနေရစဉ် သို့မဟုတ် ပြည်သူလူထုအတွက် တရားဥပဒေစိုးမိုးရေး ပျက်ပြားနေချိန်တို့တွင် တပ်မတော်ကိုအသုံးပြုရန် လိုအပ်သည့်အတွက် စစ်အုပ်ချုပ်ရေးအမိန့်ကိုကြေညာနိုင်သည်။

သို့သော် လွှတ်တော်ကိုယ်စားလှယ် ၃၀၀ ပါ အမျိုးသားလွှတ်တော်က ယွန်ဆက်ယို၏စစ်အုပ်ချုပ်ရေးအမိန့်ကိုဖျက်သိမ်းရန် မဲခွဲဆုံးဖြတ်မှုများလုပ်ဆောင်ရာလွှတ်တော်သို့တက်ရောက်လာသူ ၁၉၀ အနက် အားလုံးက ထိုအမိန့်ကိုဖျက်သိမ်းရန်ထောက်ခံမဲပေးသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယင်းအမိန့်သည်အလိုအလျောက် ပျက်ပြယ်သွားပြီဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကကြေညာသည်ဟုသိရသည်။

Ref: Yonhap

# လာမည့်လေးရက်အတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အချို့နှင့် ပြည်နယ်သုံးခုတွင် အအေးပိုလာနိုင်

**ရန်ကုန် ဒီဇင်ဘာ ၃**

လာမည့်လေးရက်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် အနည်းငယ်အအေးပိုလာနိုင်သလို ပြည်နယ်သုံးခုတွင်လည်း ညအပူချိန် သိသိသာသာကျဆင်း၍ အအေးပိုလာနိုင်ကြောင်းမိုးလေဝသပညာရှင် ဦးဝင်းနိုင်ထံမှ သိရသည်။

“မြောက်ဘက်က တိဗက်ကုန်းပြင်မြင့်နဲ့ ယူနန်ပြည်နယ်ထဲမှာ လေဖိအားနည်းရပ်ဝန်းအရှိန်ရှိတယ်။ ပြီးတော့မှ တောင်တရုတ်ပင်လယ်မှာ အရှေ့မြောက်မုတ်သုံလေအားကောင်းနေတယ်ဆိုတော့ အရှေ့မြောက်နဲ့ အရှေ့ဘက်က လေတွေအားကောင်းတဲ့အခါ အအေးခတ်တွေ မြန်မာနိုင်ငံထဲကို စပြီးတော့ဝင်တဲ့အနေအထားကအခုလည်းစဝင်နေတယ်။ နောက်လေးရက်ဆိုရင် သိသိသာသာပိုလာနိုင်ပါတယ်” ဟုဦးဝင်းနိုင်ကပြောသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ ၁၅ ဒီဂရီဆဲစီးယက်အောက်နှင့် ၁၀ ဒီဂရီဆဲစီးယက်အောက်အထိကျဆင်းနိုင်၍ အအေးပိုများနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနဲ့နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်တို့၌လည်း အပူချိန်ကျဆင်း၍ အအေးပိုလာနိုင်သည်ဟုလည်း သိရသည်။

“ချင်းပြည်နယ်လိုနေရာမျိုးဆိုရင် ၁၀ ဒီဂရီအောက် ကျဆင်းတဲ့အနေအထားတွေ့ရတယ်။ ကချင်ပြည်နယ်မှာဆိုရင်လည်း ခေါင်လန်ဖူး၊ ကန်ပိုက်တည် အဲဒီနေရာမျိုးတွေမှာဆိုရင်လည်း တွေ့ရပါတယ်။ ရှမ်းပြည်နယ်မှာကတော့ ဒီလောက်တော့မများသေးဘူး၊ ရေခိုးရေငွေ့ပါတဲ့ တိမ်တိုက်တွေဝင်ဖို့လည်းရှိတဲ့အခါကျတော့ အပူချိန် ဒီလောက်ထိမကျဘူး။ ရှမ်းအရှေ့ တာချီလိတ်လိုနေရာမျိုးဆိုရင် မိုးဖွဲရွာနိုင်သေးတဲ့အနေအထားရှိတယ်။ ရွာရန်ရာနှုန်းကတော့ ၄၀ ကျော် ၅၀ လောက်ပဲရှိပါတယ်”ဟု ဦးဝင်းနိုင်က ပြောသည်။

“နောက်လာမယ့် လေးရက်အတွင်း အနေအထားအရ အပူချိန်သိသိသာသာ ကျဆင်းခြင်းမရှိကြောင်း၊ သို့သော်လည်း ပင်လယ်ကမ်းရိုးတန်းနဲ့ဝေးလေ အအေးခတ်ပိုလေဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးရှိ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ်တွေမှာကတော့ အအေးပိုလာနိုင်သော်လည်း သိသိသာသာ အအေးပိုတာတော့မရှိသေးဘဲ ဒီဇင်ဘာလလယ်အထိ စောင့်ကြည့်ရဦးမယ်” ဟု ပြောသည်။

ထို့ပြင် အအေးနှင့် အေးမြစိုစွတ်သည့် အစွန်းရောက်ရာသီဥတု လာနီညာဖြစ်နိုင်ခြေကလည်း လက်ရှိတွင် လျော့ကျသွားသည့်အတွက် လာမည့် ၂၀၂၅ ခုနှစ်အစပိုင်းတွင် ပုံမှန်ရာသီဥတုအခြေအနေမျိုးရှိနိုင်ကြောင်းလည်း ၎င်းကသုံးသပ်ပြောကြားသည်။

**MT**

# မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air–FTA) ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ်သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်(သောကြာနေ့) ညတွင် အားကစားပွဲတော်လှုံ့ဆော်ရေးတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များစုပေါင်း၍ **“အမျိုးသားအားကစားပွဲတော်”** ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအားလေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၆-၁၂-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “အမျိုးသားအားကစားပွဲတော်” ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း (၁၁)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | အားကစားလ | ပြင်ပအဆိုရှင် |
| ၂။ | ထိုးကွင်းလေးနဲ့ခြင်းခတ်သူ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၃။ | မြန်မာအားကစား | ပြင်ပအဆိုရှင် |
| ၄။ | အာရှမြန်မာ | ဌာနအဆိုရှင် |
| ၅။ | အမျိုးသားအားကစားပွဲတော် | ဌာနအဆိုရှင် |
| ၆။ | အမျိုးသားအားကစားပွဲတော်ဆီ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၇။ | မိုးယံလွှင့်ပျံလက်ခုပ်သံ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၈။ | မြန်မာ | ပြင်ပအဆိုရှင် |
| ၉။ | ဂိုးသွင်းကောင်းတဲ့ကိုကို | ပြင်ပအဆိုရှင် |
| ၁၀။ | ဂိုး | ပြင်ပအဆိုရှင် |
| ၁၁။ | မြန်မာ့ဂုဏ် | Group Song |

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ပြည် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရှမ်းကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများက ဒီဇင်ဘာလ ၃ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရှမ်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်မြို့နယ် ရှမ်းကုန်းကျေးရွာ၌ အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိသော ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းနှင့် တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှသုံးစွဲခွင့်ရှိသော ငွေကျပ် ၇ ဒသမ ၆၀ သန်းအသုံးပြုပြီး စက်တင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**

# မိုးနှမ်း ၃၉၅၅ ကေရိတ်သိမ်းပြီးစီး

**မြင်းမူ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောမိုးနှမ်း ၃၉၅၅ ကေရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် မြင်းမူမြို့နယ်၌ မိုးနှမ်း ၁၉၀၅၃ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများရိတ်သိမ်းမှုကို ယခုနှစ်သြဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိ ၃၉၅၅ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၈ တင်းထွက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးထားတဲ့စိုက်ခင်းတွေကို အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့အထိ ဧက ၃၀၀၀ ကျော်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းကောင်းမွန်ကြပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောသည်။

ယခုနှစ် မြင်းမူမြို့နယ်၌ မိုးနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**(၄၀၉)**

# ဝမ်းတွင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်



**ဝမ်းတွင်း ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဒီဇင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးသည်။

မြစ်သူငယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၃ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅)ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိအစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာဒုတိယဝန်ကြီးက ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များမှ အရည်အသွေးရှိသည့်စာတမ်းများ လက်ခံ၊ စိစစ်၊ အတည်ပြုခြင်းကိစ္စရပ်များ၊ သုတေသနပြခန်းပြသခြင်းကိစ္စရပ်များအောင်မြင်ရေးအတွက် ညီညီညွတ်ညွတ်ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍လိုအပ်သည်များကို တက်ရောက်လာသူများအားလုံး ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမိုးလွင်က လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသည့် ဆရာကြီး၊ ဆရာမကြီးများက နိုင်ငံတကာ ပညာရေးဆိုင်ရာ အသုံးချသုတေသန ညီလာခံ(၂၀၂၅) ကျင်းပရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(မြဝတီ)

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် ဆောင်ရွက်မည့် "အစားအစာဘေးကင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ကျန်းမာရေးတို့အကြား ဆက်နွယ်မှုဆိုင်ရာ သုတေသနညီလာခံ"ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ(၂၀၂၂) အထောက်အပံ့ဖြင့် ဆောင်ရွက်နေသော မဲခေါင်-လန်ချန်း ဒေသ (မြန်မာ၊ ထိုင်းနှင့် တရုတ်)နိုင်ငံအတွင်းရှိ ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်ဆိုင်ရာ ဓာတ်ခွဲခန်းနှင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကွန်ရက် တည်ထောင်ခြင်းစီမံကိန်း၏ **"အစားအစာဘေးကင်းရေးနှင့်သဘာဝပတ်ဝန်းကျင် ကျန်းမာရေးတို့အကြား ဆက်နွယ်မှုဆိုင်ရာ သုတေသနညီလာခံ"** ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် MGallery Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဦးဗိုလ်ဗိုလ်ကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ်ဖက်နိုင်ငံများမှ ပါမောက္ခများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ(၂၀၂၂)၏ အကူအညီ အထောက်အပံ့ဖြင့်ပိုးသတ်ဆေး အကြွင်းအကျန် ဓာတ်ခွဲခန်းကို တည်ဆဲ အဆောက်အအုံများပေါ်တွင် အခြေခံ၍ တည်ထောင်သွားမည်ဖြစ်ပြီး ပူးပေါင်းသုတေသနပြုခြင်း၊ ဝန်ထမ်းလေ့ကျင့်ရေး၊ ကျွမ်းကျင်သူစေလွှတ်ခြင်းများကိုလည်း ဤစီမံကိန်းအစီအစဉ်အရ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

ယခုကျင်းပသည့် သုတေသနညီလာခံမှ သဘာဝပတ်ဝန်းကျင်အပေါ်မှာ ပိုးသတ်ဆေး အကြွင်းအကျန်များ၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်ခြင်း၊ အစားအစာများတွင် ပိုးသတ်ဆေး အကြွင်းအကျန်များကို လျှော့ချမည့် ကာကွယ်ရေး စီမံချက်များ၊ အစားအစာများတွင် ပိုးသတ်ဆေး အကြွင်းအကျန်များကို စောင့်ကြည့်ခြင်းနှင့် ကျန်းမာရေးအန္တရာယ်အကဲဖြတ်ခြင်းဆိုင်ရာ သုတေသန သတင်းအချက်အလက်များဖြင့် ပြည်တွင်းနှင့် ပြည်ပပို့ကုန်များ၏ အစားအစာဘေးကင်းလုံခြုံစိတ်ချနိုင်ရေးအတွက် စောင့်ကြည့်လေ့လာနိုင်သော အခြေခံစနစ်တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ညီလာခံကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် အစားအစာဘေးကင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ကျန်းမာရေးတို့ကြား ဆက်နွယ်မှုဆိုင်ရာ သုတေသနညီလာခံကိုဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မြဝတီ)

# ပဲခူးတိုင်းဒေသကြီးတွင် ဆည်ရေသောက်စနစ် စိုက်ပျိုးမြေများ၌ သုံးသီးစားစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်သွားမည်

ရန်ကုန် ဒီဇင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးကဏ္ဍတွင် ဆည်ရေသောက်စနစ်ရရှိသော စိုက်ပျိုးမြေအားလုံး၌ သုံးသီးစားစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။



၂၀၂၄ ခုနှစ် နွေစပါးရာသီ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နွေစပါးစိုက်ခင်း ၄၂၅၇၀၀ ဧကကျော်အား ဆည်တမံ ၃၉ ခုမှ စိုက်ပျိုးရေအပြည့်အဝ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ယခုနှစ် နွေစပါးရာသီတွင်လည်း နွေစပါးစိုက်ခင်းများကို စိုက်ပျိုးရေများပို့လွှတ်နိုင်ရန် အသင့်ပြင်ဆင်ထားကြောင်း၊ တိုင်းဒေသကြီးအတွင်း ပထမသီးနှံ မိုးစပါး၊ ဒုတိယသီးနှံ ဆောင်းသီးနှံနှင့် တတိယသီးနှံ နွေစပါးတို့ကို သုံးသီးစားအဖြစ် ၂၀၂၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ခရိုင်ခြောက်ခု၌ ပဲခူးခရိုင်တွင် နွေစပါး ၁၉၈၆၀ ဧက စိုက်ပျိုးနိုင်ခဲ့ကာ ၂၀၂၄ ခုနှစ်တွင် နွေစပါး ၂၆၃၂၅ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း မိုးစပါးရာသီပြီးဆုံးပြီးနောက် ဆောင်းသီးနှံများစိုက်ပျိုးလျက်ရှိပြီး နွေစပါးဖြစ်သော ရက် ၉၀ စပါးကို ဖေဖော်ဝါရီလ ၁ ရက်မှ မတ်လအထိ စိုက်ပျိုးလေ့ရှိကာ ဖေဖော်ဝါရီလ ၁ ရက်မှစတင်၍ ဧပြီလကုန်ပိုင်းအထိ အောင်ရေပို့လွှတ်ပေးလျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီးတွင် ရာသီအလိုက် စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် အကျိုးပြုရေအသုံးပြုနိုင်ရန် ပဲခူးခရိုင်၌ ဆည်တမံ ရှစ်ခု၊ ညောင်လေးပင်ခရိုင်၌ ငါးခု၊ တောင်ငူခရိုင်၌ ရှစ်ခု၊ နတ်တလင်းခရိုင်၌ သုံးခု၊ သာယာဝတီခရိုင်၌ ရှစ်ခုနှင့် ပြည်ခရိုင်၌ ခုနစ်ခုတို့ဖြင့် ဆည်တမံ ၃၉ ခုရှိပြီး ရေလွှဲဆည် ၁၃ ခုနှင့် ရေတံခါး ၁၄ ခုတို့ဖြင့် စုစုပေါင်း ဆည်တမံ၊ ရေလွှဲဆည်နှင့်ရေတံခါး ၆၆ ခုတို့မှသုံးသီးစားစိုက်ခင်းများသို့ စိုက်ပျိုးရေများ ပို့လွှတ်လျက်ရှိသည်။

ပဲခူးခရိုင်အတွင်းရှိ နွေစပါးစိုက်ခင်းများအား ကိုတူကွဲ၊ စလူ၊ ရွှေလောင်း၊ မဇင်း၊ အလိုင်နီ၊ ရွှေပြည်(၃)၊ ဝါးကတုတ်နှင့် ဇလပ်ထော်ရေလှောင်တမံတို့မှ ဆည်ရေများ ပို့လွှတ်ပေးလေ့ရှိပြီး နွေစပါးအပါအဝင် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပဲခူးတိုင်းဒေသကြီး၌ ဆည်ရေသောက်စနစ်သည် တောင်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အပံ့ကောင်းများရရှိစေလျက်ရှိသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်များ၏ ရေလွှဲမြောင်းများမှ တစ်ဆင့် လက်တံမြောင်းများသို့ပို့လွှတ်၍ ဆည်ရေရရှိနိုင်သော စိုက်ပျိုးမြေများအားလုံးတွင် သုံးသီးစားအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးတွင် တည်ဆောက်ထားသော ဆည်တမံများသည် စိုက်ခင်းများရေပေးဝေမှုနှင့် မိုးရာသီတွင် ရေကြီးရေလျှံမှုကို ကာကွယ်ပေးလျက်ရှိပြီး မြို့နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို အသုံးပြုနိုင်ရန် ရေကိုသန့်စင်ပြီး ပို့လွှတ်သောစနစ်ကို ဆည်အချို့၌ အကောင်အထည်ဖော်လျက်ရှိကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဆန်စပါးတိုးချဲ့စိုက်ပျိုးမှုတွင် ဆည်ရေပို့လွှတ်မှုဖြင့် သုံးသီးစိုက်ပျိုးထုတ်လုပ်မှုကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

(မြဝတီ)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် ဒီဇင်ဘာ ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း ၂၂ ဒသမ ၃၀၆၆ တန်၊ သစ်မာ ၅ ဒသမ ၄၁၈၆ တန်၊ အခြား ၃၃ ဒသမ ၃၈၉၂ တန် စုစုပေါင်း ၆၁ ဒသမ ၁၁၄၄ တန်၊ ယာဉ်/ ယန္တရား ၁၀ စီး၊ တရားခံ ၁၇ ဦး** ဖမ်းဆီးရမိကြောင်း သိရသည်။

(သတင်းစဉ်)

# အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာတွင်နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ စစ်မှုထမ်းဟောင်းအိမ်ရာခန်းမ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးမှုအား ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် အေးသာယာမြို့ မင်းကျန်စစ်အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)


# မိုင်းပျဉ်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့်တံတား ပြန်လည်ပြုပြင်မည့်အခြေအနေအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃


ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ တာကော်လေးကျေးရွာအနီးရှိ မိုင်းပျဉ်း-မက်မန်းလမ်းပေါ်ရှိ နမ့်ခချောင်းကူးတံတားအမှတ်(၂/၃၄)ဝမ်တာခက် ဘေလီတံတားသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တံတား၏ ရေလယ်တိုင်အမှတ် P-3 တိုင်သည် ရေထဲသို့ပြိုကျပျက်စီးသွားခဲ့ပြီး တံတားသည်လည်း ၂ ပေခန့်နိမ့်ဆင်းသွားခဲ့သည်။

အဆိုပါ ပျက်စီးခဲ့သည့်တံတားအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုရာ မိုင်းပျဉ်းမြို့နယ် လမ်းဦးစီးဌာန တာဝန်ခံ အင်ဂျင်နီယာက တံတားပျက်စီးမှု အခြေအနေများနှင့် ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မက်မန်းခရိုင် လမ်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် မိုင်းပျဉ်း-မက်မန်း လမ်းအရှည်၄၆ မိုင်၇ ဖာလုံ လမ်း၊ တံတား လုပ်ငန်းများအား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများ အပေါ် တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)










| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°C | / | ၃၂°C |
| ရန်ကုန် | ၂၂°C | / | ၃၄°C |
| မန္တလေး | ၂၀°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မိုးလေဝသ သတင်း





ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၅ | ၃၀၉၅ | ၃၀၇၀ | ၃၀၂၅ | ၃၀၀၀ | ၃၁၁၀ | ၃၁၂၅ | ၃၀၇၅ | ၄၅၀၅ | ၃၂၃၅ | ၃၀၈၅ | ၃၁၀၀ | ၃၃၃၅ | ၃၁၂၀ | ၃၃၃၅ | ၃၅၄၀ | ၃၉၅၀ |
| 95 Ron | ၃၁၈၀ | ၃၂၆၅ | ၃၂၄၀ | ၃၁၉၀ | ၃၂၆၅ | ၃၂၇၅ | ၃၂၉၀ | ၃၂၄၅ | ၄၅၆၀ | ၃၄၀၀ | ၃၂၅၀ | ၃၂၇၀ | ၃၃၀၀ | ၃၂၉၀ | ၃၃၀၀ | ၃၇၀၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၃၅ | ၂၇၁၀ | ၂၆၆၅ | ၂၇၄၀ | ၂၇၅၀ | ၂၇၆၅ | ၂၇၂၀ | - | ၂၈၇၅ | ၂၇၂၅ | ၂၇၄၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၇၅ | ၃၁၈၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၉၀ | ၃၃၇၀ | ၃၃၅၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၀ | ၄၈၃၀ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၀၅ | - |
| HSD (10 ppm) | ၃၂၉၀ | ၃၃၇၀ | ၃၃၅၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၀ | - | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၀၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၈ | ၂၉၄၉ |
| 95 Ron | ၃၀၂၀ | ၃၁၁၄ |
| HSD (500 ppm) | ၂၅၁၀ | ၂၅၈၉ |
| HSD (50 ppm) | ၃၁၂၅ | ၃၂၀၇ |
| HSD (10 ppm) | ၃၁၂၅ | ၃၂၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပေါ်တူဂီကစားသမားများတွင် ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် ဘာနာဒိုဆေးလ်ဗားကိုကျော်ဖြတ်ပြီး ဖာနန်ဒက်စ် ထိပ်ဆုံးမှရပ်တည်

**မန်ချက်စတာ ဒီဇင်ဘာ ၃**

မန်ယူအသင်းကွင်းလယ်ကစားသမား ဖာနန်ဒက်စ်သည် ပြီးခဲ့သည့် မန်ယူအသင်းက အဲဗာတန်အသင်းကို အနိုင်ရရှိသည့်ပွဲစဉ်တွင် အသင်းအတွက် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပေါ်တူဂီကစားသမားများတွင် မန်စီးတီးအသင်းမှ ဘာနာဒိုဆေးလ်ဗားကို ကျော်ဖြတ်ပြီး ဂိုးဖန်တီးမှု အများဆုံးကစားသမားအဖြစ် ထိပ်ဆုံးမှရပ်တည်နေကြောင်း သိရသည်။

မန်ယူအသင်းက အဲဗာတန်အသင်းကို ၄ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ ဖာနန်ဒက်စ်သည် ပွဲချိန် ၃၄ မိနစ်တွင် အသင်းဖော်ရက်ရှ်ဖို့ဒ်သွင်းယူသည့် သွင်းဂိုးကို ဂိုးဖန်တီးမှုပြုလုပ်နိုင်ပြီးနောက် မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးဖန်တီးမှု ၄၆ ကြိမ်အထိရှိလာပြီးနောက် မန်စီးတီးအသင်းမှ ဘာနာဒိုဆေးလ်ဗားထက် တစ်ကြိမ်အသာဖြင့် ကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပေါ်တူဂီကစားသမားများတွင် ဂိုးဖန်တီးမှုအများဆုံးကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဘာနာဒိုဆေးလ်ဗားနှင့်ဖာနန်ဒက်စ်တို့မှာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးဖန်တီးမှု ၄၅ ကြိမ်စီဖြင့်တူညီနေသော်လည်း ဖာနန်ဒက်စ်က အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့်အတွက် ဘာနာဒိုဆေးလ်ဗားကိုကျော်ဖြတ်ပြီး စံချိန်ကောင်းတစ်ရပ်ကိုပိုင်ဆိုင်နိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပေါ်တူဂီအသင်းကစားသမားများတွင် ဂိုးဖန်တီးမှုအများဆုံးကစားသမားများအဖြစ် ဖာနန်ဒက်စ်၏နောက်တွင် မန်စီးတီးအသင်းမှ ဘာနာဒိုဆေးလ်ဗားက ၄၅ ကြိမ်၊ မန်ယူအသင်းကစားသမားဟောင်းများဖြစ်သည့် နာနီက ၄၃ ကြိမ်နှင့် စီရော်နယ်ဒိုက ၃၇ ကြိမ်ဖြင့် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ ***Ref;The Athletic***

# ဗယ်လ်ကာနိုအသင်းမှထွက်ခွာမည့် ကွင်းလယ်ကစားသမား ရိုဒရီဂွက်ဇ်ကို အင်တာမိုင်ယာမီအသင်းက ခေါ်ယူဖွယ်ရှိ



**မိုင်ယာမီ ဒီဇင်ဘာ ၃**


မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းက လာမည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ဗယ်လ်ကာနိုအသင်းမှထွက်ခွာရန် ကြိုးပမ်းနေသည့် ကွင်းလယ်ကစားသမား ရိုဒရီဂွက်ဇ်ကိုခေါ်ယူဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ရိုဒရီဂွက်ဇ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် ပေါ်တိုအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်းတို့၌ ကစားခဲ့ပြီး အောင်မြင်မှုများရရှိခဲ့သော်လည်း မကြာခဏ ဒဏ်ရာရရှိပြီး ကြံ့ခိုင်မှုပိုင်းအားနည်းလာသည့်အတွက် ၂၀၂၀ ပြည့်နှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာခဲ့သည်။ ထို့နောက် အဲဗာတန်အသင်း၊ အယ်ရေယန်အသင်း၊ အိုလံပီယာကို့စ်အသင်းနှင့် ဆာပေါ်လိုအသင်းတို့ထံ အဆင့်ဆင့်ပြောင်းရွှေ့ကစားကာ ပြီးခဲ့သည့်ဇူလိုင်လက ဆာပေါ်လိုအသင်းနှင့်စာချုပ်ဖျက်သိမ်း၍လမ်းခွဲပြီးနောက် ဗယ်လ်ကာနိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

ရိုဒရီဂွက်ဇ်သည် ဗယ်လ်ကာနိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း နည်းပြအင်ဂိုလိုပက်ဇ်လက်အောက်တွင် စပိန်လာလီဂါပြိုင်ပွဲ၌ ခြောက်ပွဲသာ ပါဝင်ကစားခွင့်ရရှိသည့်အတွက် လာမည့် ဇန်နဝါရီလအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည်ဖြစ်သောကြောင့် အင်တာမိုင်ယာမီအသင်းကခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

***Ref;Fabrizio Romano***

# ဖီဖာတစ်နှစ်တာနေရာအလိုက် အကောင်းဆုံးအမျိုးသားအသင်းဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် မက်ဆီနှင့်စီရော်နယ်ဒိုတို့ပါဝင်လာ





**ဇူးရစ် ဒီဇင်ဘာ ၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၄ ခုနှစ်အတွက် ဖီဖာတစ်နှစ်တာအကောင်းဆုံးဆုပေးပွဲ အခမ်းအနားတွင်ပေးအပ်ချီးမြှင့်မည့် ဆုများထဲမှ တစ်ဆုဖြစ်သည့် ဖီဖာတစ်နှစ်တာနေရာအလိုက် အကောင်းဆုံး အမျိုးသားအသင်းဆု(FIFA Pro Men's World 11) အတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် အင်တာမိုင်ယာမီအသင်းမှ မက်ဆီနှင့်အယ်နာဆာအသင်းမှ စီရော်နယ်ဒိုတို့ ပါဝင်လာကြောင်း သိရသည်။

မက်ဆီနှင့် စီရော်နယ်ဒိုတို့သည် ၂၀၂၄ ခုနှစ်အတွင်း သက်ဆိုင်ရာကလပ်အသင်းများဖြစ်သည့် အင်တာမိုင်ယာမီအသင်းနှင့် အယ်နာဆာအသင်းတို့တွင် အဓိက ကစားသမားများအဖြစ် ခြေစွမ်းပြနိုင်ခဲ့သကဲ့သို့ နိုင်ငံအသင်းများဖြစ်သည့် အာဂျင်တီးနားအသင်းနှင့် ပေါ်တူဂီအသင်းတို့တွင်လည်း လက်ရှိအချိန်ထိ အသင်းခေါင်းဆောင်များအဖြစ် အသင်းကို အကောင်းဆုံးဦးဆောင်ထားနိုင်ဆဲဖြစ်သည့်အတွက် ဆန်ခါတင်ကစားသမားစာရင်း၌ ပါဝင်လာကြခြင်းဖြစ်သည်။

ဖီဖာတစ်နှစ်တာအကောင်းဆုံးဆုပေးပွဲ အခမ်းအနားတွင်ပေးအပ်မည့် ဖီဖာတစ်နှစ်တာ နေရာအလိုက် အကောင်းဆုံးအမျိုးသားအသင်းဆု (FIFA Pro Men's World 11) အတွက် ဆန်ခါတင်ကစားသမားစာရင်းမှ ဂိုးသမားနေရာ၌ မန်စီးတီးအသင်းမှ အီဒါဆန်၊ အက်စ်တွန်ဗီလာအသင်းမှ မာတီနက်ဇ်၊ ဘိုင်ယန်မြူးနစ်အသင်းမှ နူအာ၊ ခံစစ်ကစားသမားနေရာ၌ ရီးယဲလ်မက်ဒရစ်အသင်းမှ ကာဗာဂျယ်၊ မန်စီးတီးအသင်းမှ ဒီယက်နှင့် ဝေါကာ၊ လီဗာပူးအသင်းမှ ဗန်ဒိုက်၊ လေဗာကူဆင်အသင်းမှ ဖရန်ပေါင်နှင့် အာဆင်နယ်အသင်းမှ ဆလီဘာ၊ ကွင်းလယ်ကစားသမားနေရာ၌ ရီးယဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်၊ တိုနီခရူးစ်၊ လူကာမိုဒရစ်၊ ဗယ်လ်ဗာဒီ၊ မန်စီးတီးအသင်းမှ ဒီဘရိုင်း၊ ဖိုဒန်၊ ရိုဒရီတို့ပါဝင်လာခဲ့သည်။

အလားတူ တိုက်စစ်ကစားသမားနေရာ၌ မန်စီးတီးအသင်းမှ ဟာလန်း၊ ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်း၊ ရီးယဲလ်မက်ဒရစ်အသင်းမှ အမ်ဘတ်ပီ၊ ဗင်နီစီးယက်စ်၊ အင်တာမိုင်ယာမီအသင်းမှ မက်ဆီ၊ အယ်နာဆာအသင်းမှ စီရော်နယ်ဒို၊ ချယ်လ်ဆီးအသင်းမှ ကိုးလ်ပယ်မာနှင့် ဘာစီလိုနာအသင်းမှ ယာမယ်တို့ ပါဝင်လာကြောင်း သိရသည်။ ***Ref;Goal.com***

# သက်ဆိုင်ရာအသင်းများနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကစားသမားများတွင် ထိပ်တန်းကစားသမားအများစုပါဝင်နေ

**လန်ဒန် ဒီဇင်ဘာ ၃**

ယခုဘောလုံးရာသီတွင် သက်ဆိုင်ရာအသင်းများနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့်ကစားသမားများတွင် ထိပ်တန်းကစားသမားအများစုပါဝင်နေပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာနိုင်ခြေများနေသည့်ကစားသမားများတွင် လီဗာပူးအသင်းမှ ကစားသမားအများစုပါဝင်နေကြောင်း သိရသည်။

ယခုဘောလုံးရာသီတွင် သက်ဆိုင်ရာကလပ်အသင်းများနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့်ကစားသမားများတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ထိပ်တန်းကစားသမားအများစုပါဝင်နေပြီး ဆာလက်ချ်၊ အာနိုး၊ ကင်မစ်ချ်၊ ဂျိုနသန်ဒေးဗီးလ်၊ ဗန်ဒိုက်၊ အဖွန်ဆိုဒေးဗီး၊ ဆွန်ယောင်မင်၊ ဆာနေး၊ ဒီဘရိုင်း၊ ဒီရယ်လို၊ ဂျိုနသန်တက်ခ်၊ မန်ဒီ၊ ဂိုမက်နှင့် နေမာ စသည့်ထိပ်တန်းကစားသမားများပါဝင်လျက်ရှိသည်။

လက်ရှိတွင် အဆိုပါထိပ်တန်းကစားသမားများအနေဖြင့် သက်ဆိုင်ရာကလပ်အသင်းများနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြန့်ကြာလျက်ရှိပြီး လီဗာပူးအသင်းမှ အာနိုး၊ ဆာလက်ချ်နှင့် မန်စီးတီးအသင်းမှ ဒီဘရိုင်း၊ ဘိုင်ယန်မြူးနစ်အသင်းမှ အဖွန်ဆိုဒေးဗီးနှင့်လေဗာကူဆင်အသင်းမှ ဂျိုနသန်တက်ခ်တို့အနေဖြင့် အသင်းမှထွက်ခွာရန် နီးစပ်လျက်ရှိကြောင်း သိရသည်။ ***Ref;B/R Football***

# ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေး နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်

သဲကုန်း ဒီဇင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတ တိုးပွားစေရေး ဒီဇင်ဘာလ ၂ ရက်က နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်း၊ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းတို့ကို ရပ်ကွက် (၃) ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပစာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလေ့လာသော အလေ့အကျင့်ကောင်းများရရှိစေရန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် သုတ၊ ရသစာအုပ်၊ စာစောင်မျိုးစုံ စုဆောင်းထားရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်စဉ်ကပင် စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် လွတ်လပ်ရေးနေ့အကြောင်းသိကောင်းစရာများနှင့် ကျောင်းသားလူငယ်များ နေ့ထူးနေ့မြတ်များကို အစဉ်သတိရစေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန်ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နော်ဌေးဌေးမြင့်တို့က ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရရှိစေရန် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းအဖြစ် စက္ကူပြဇာတ်၊ စာအုပ်ဖြင့် ပုံပြင်ပြောခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို သုတ၊ ရသစာအုပ်၊ စာစောင်များဖတ်ရှုစေပြီး ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ချမ်းမြေ့



# သဃ်န်းကျွန်းမြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂ ရက်က သဃ်န်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဃ်န်းကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (သုဝဏ္ဏ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်စန်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်နှင့် အထက်တန်းပြဆရာမ ဒေါ်စိုးသီတာဇော်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-11 မှ မောင်ဝင့်ထက်ပိုင်ထူးက လူငယ်နှင့်စာရိတ္တ၊ မသီရိထက်ဆွေက လူငယ်နှင့်အားကစား၊ Grade-10 မှ မအေးချမ်းပိုင်က လူငယ်နှင့်နည်းပညာ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ မောင်နောင်ထူးလွင်က လူငယ်နှင့်ကျန်းမာရေး၊ မောင်ရန်လင်းထက်က လူငယ်နှင့်စာပေ၊ မောင်ထက်ဇေယျာက လူငယ်နှင့်ယဉ်ကျေးမှု စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အခြေခံပညာအထက်တန်းကျောင်း (သုဝဏ္ဏ) မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀၀ ဦးခန့် တက်ရောက်ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ/ ရသ စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **သူရိန်(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

ချောင်းဆုံ ဒီဇင်ဘာ ၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မိုးစပါးရိတ်သိမ်းပြီးစီးပြီဖြစ်၍ ဒေသတွင်းဝမ်းစာဖူလုံရေးအတွက် ဆောင်းသီးနှံများ စိုက်ပျိုးကြမည့်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ဒီဇင်ဘာလ ၃ ရက်တွင် ကညွှော်ကျေးရွာမှ တောင်သူ ၈၀ ဦး၏ စိုက်ဧက ၄၃၉ ဧကအတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ် ၄၃၉ သိန်း ထုတ်ချေးပေးကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေး လျာထားလျက်ရှိကြောင်း၊ ဒီဇင်ဘာလ ၃ ရက်အထိ ကျေးရွာ ၁၁ ရွာမှ တောင်သူ ၁၉၀ ဦး၏ နှမ်းစပါး ၁၀ ဧက၊ မတ်ပဲ ၈၀၉ ဧကနှင့် နေကြာဧက ၂၆၀ တို့အတွက် ငွေကျပ်သိန်း ၁၀၀၀ ကျော် ထုတ်ချေးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် တောင်သူများအားစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်၌ ၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီအတွင်း နေကြာ ၃၂၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၃၉၃၇ ဧက၊ မြေပဲ ၁၀၆ ဧက၊ နှမ်း ၁၁ ဧက စုစုပေါင်းဆီထွက်သီးနှံ ၄၀၅၄ ဧကစိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်းသီးနှံများလျာထားချက်အတိုင်း ပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

# မိတ္ထီလာမြို့နယ် မင်းတဲကုန်းကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်း




မိတ္ထီလာ ဒီဇင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာလ ၂ ရက်က ကဖြူကျေးရွာအုပ်စု မင်းတဲကုန်းကျေးရွာ ဦးပိုင်အမှတ် (၄၄/၁) ကွင်းအမှတ် ၇၃၃ ရှိ တောင်သူဦးဇော်ဝင်း၏ မိုးစပါး(YSR-1 )စိုက်ဧက ၅ ဧကတွင် ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးတို့က ယခုနှစ်အတွင်း မိုးစပါးများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် မိုးစပါးစံကွက်ရိတ်သိမ်းမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကဖြူကျေးရွာအုပ်စု မင်းတဲကုန်းကျေးရွာရှိ တောင်သူဦးဇော်ဝင်း၏ စိုက်ဧက ၅ ဧကရှိ မိုးစပါး (YSR-1) မျိုးစပါးကို ရိတ်သိမ်းခဲ့ရာ တစ်ဧက စပါး(အစို) ၉၃ ဒသမ ၇၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါး(YSR-1) စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(၆၀၂)


""အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အာစွမ်း""
NAY PYI TAW
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


LPM
LANN PYI MARINE
COMPANY LIMITED
AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၁ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောက်မြို့၊ အမှတ်(၁၅) တိုးချဲ့ရပ်ကွက်၌ လိုင်စင်မဲ့ TVS King မီနီအိုးဝေ သုံးဘီးဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဒီဇင်ဘာလ ၂ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်နှင့် ကျုံပျော်ခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် (၆ ဒသမ ၆၉၇) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၉၅၅) ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ မုဆိုးကွင်းကျေးရွာ၌ လိုင်စင်မဲ့ Xero 110 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၀၉၅၅)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါသည်။




မရမ်းချောင် အမြဲတမ်း စစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့၊ သရက်ကုန်းကျေးရွာနှင့် မရမ်းချောင်ကျေးရွာ၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်(၁)စီးနှင့် Toyota Alphard မော်တော်ယာဉ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၃၅၂)မိုင်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး၊ လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၄၀၆၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့အကျော် Max ဆီဆိုင်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၅၈၀၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၄၈၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၈)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၁၇၉၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၂၄၂၆၂၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၈၂၇၁၆၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၆၇၆၁၁၇၅)**ကို ဖမ်းဆီးရမိသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက်ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

# တာချီလိတ်နှင့် ပင်လောင်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ



ကောင်းကျော်လင်းနှင့်ဇော်လင်းတို့အားသိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၂ ရက် နံနက် ၉ နာရီတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဟိုခိုကျေးရွာအနီးတွင် ယာလော မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၃၀ ရက် ည ၇ နာရီခွဲတွင် ပင်လောင်းမြို့နယ် ထိန်ပင်ကျေးရွာအုပ်စု လိန်းလီကျေးရွာအနီးတွင် ကောင်းကျော်လင်း မောင်းနှင်ပြီး ဇော်လင်းလိုက်ပါလာသည့် HONDA FIT အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှုကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာလ ၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “U Khin Zaw” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်နေ ခင်ဇော်အား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “ဇော်ကြီး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်နေ မောင်ဇော်(ခ) ဇော်ကြီးအား ညနေ ၅ နာရီ ၂၀ မိနစ်တွင်လည်းကောင်း၊ “Zay Zay” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်နေ တင်သူရ(ခ)သန့်ဇင်အား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား ရွှေတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်မှုများကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေဆုံးရှုံးရခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်စေကာ ၎င်းဒေသအနီး ကျေးရွာများရှိ ဒေသခံပြည်သူများမှာ ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများနှင့်အတူ



မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများ (ဝဲမှယာ) တရားခံ ဦးဇော်၊ လွင်ကိုနိုင်၊ ဦးမောင်၊ နိုင်ကောင်းထက်၊ ကျော်သက်ပိုင်၊ အောင်စိုးဦးနှင့်ဝင်းစိုးတို့အား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။







မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်မှုများမှ သက်သေခံပစ္စည်းများသိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များအား ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ ည ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတောင်ကုန်းအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသော ပျော်ဘွယ်မြို့နယ်၊ ကြူတောဝကျေးရွာနေ ဦးဇော် ၅၂ နှစ် (ဘ)ဦးထွန်းကြည်နှင့် ရမည်းသင်းမြို့နယ်၊ သပြေပင်ကျေးရွာနေသူများဖြစ်ကြသည့် လွင်ကိုနိုင် ၂၈ နှစ် (ဘ) ဦးအေး၊ ကျော်သက်ပိုင် ၂၂ နှစ်(ဘ)ဦးရဲသွေး၊ ဦးမောင် ၆၀ နှစ် (ဘ)ဦးညို၊ နိုင်ကောင်းထက် ၂၂ နှစ် (ဘ)ဦးအေးတို့ ၅ ဦးအား တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း။

နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက် ၁၀ နာရီတွင် တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူ သပြေပင်ကျေးရွာနေ တင်လင်း ၄၅ နှစ် (ဘ)ဦးမြိုင်၏နေအိမ်အား ဝင်ရောက်စစ်ဆေးခဲ့ရာ တင်လင်းအား တွေ့ရှိခြင်းမရှိဘဲ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်သူများဖြစ်ကြသည့် အဆိုပါ ကျေးရွာနေ ဝင်းစိုး ၃၂ နှစ် (ဘ)ဦးလှသန်းနှင့် ညောင်အိုင်ကျေးရွာနေ အောင်စိုးဦး ၁၆ နှစ် (ဘ)ဦးအောင်ငွေးဝင်းတို့ ၂ ဦးအား နေအိမ်ခြံဝင်းအတွင်းမှ ရွှေပါသည်ဟု ယူဆရသည့်ဖြုန်းကျောက်အိတ်ပိုင်း ၃၅ ပိုင်း၊ သဲစာအိတ်ပိုင်း ၂၀ ပိုင်း၊ ဖြုန်းကျောက်များကြိတ်ရာတွင် အသုံးပြုသည့် ရိုက်ပြား ၅ ပြားနှင့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း။

ယင်းနေ့ ည ၆ နာရီခွဲတွင် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်းအနီးဝန်းကျင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား တွေ့ရှိရခြင်းမရှိဘဲ ရွှေပါသည်ဟု ယူဆရသည့် ဖြုန်းကျောက်အိတ်ပိုင်း ၁၅ ပိုင်း၊ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆိုလာပြား ၁ ချပ်၊ ဘက်ထရီအိုး ၁ လုံး၊ လက်ဆွဲ မီးစက် ၁ လုံး၊ ဒီဇယ်အင်ဂျင် ၁ လုံး၊ ဒိုင်နမို ၁ လုံး၊ လက်တွန်းလှည်း ၁ စီး၊ SHAYAN-125 ဆိုင်ကယ် ၁ စီးပါ ဆိုင်ကယ်မျိုးစုံ ၁၃ စီးအားလည်းကောင်း အသီးသီးတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးမှုများအတွင်း ဖမ်းဆီးရမိသည့် တရားမဝင်ရွှေတူးဖော်လုပ်ငန်းလုပ်ကိုင်သူ ဦးဇော်ပါ တရားခံ ၇ ဦး၊ ဖမ်းဆီးရန်ကျန် တရားခံ တင်လင်းနှင့် တရားခံ(စိစစ်ဆဲ)များအား ရမည်းသင်းမြို့မရဲစခန်း၌ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀(က)ဖြင့် အမှုများအသီးသီးရေးဖွင့်ကာ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များအနေဖြင့် ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ နိုင်ငံတော်ပိုင်ရွှေသတ္တုတူးဖော်ရေးလုပ်ကွက်များအတွင်းဝင်ရောက်၍ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေသည့်အပြင် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေဆုံးရှုံးရခြင်းများမဖြစ်ပေါ်စေရေး နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများအား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

# ဆီဆိုင်မြို့နယ်၊ နောင်ရင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အသက် ၂ နှစ်အရွယ် ကလေးငယ် ၁ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ သေဆုံးပြီး အမျိုးသား ၁ ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ နောင်ရင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် အသက် ၂ နှစ်အရွယ် ကလေးငယ် ၁ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ သေဆုံးပြီး အမျိုးသား ၁ ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆီဆိုင်မြို့နယ်အတွင်းရှိကျေးရွာများ၌ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေးအတွက် လိုအပ်သောနယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် အကြမ်းဖက်သမားများသည် ကျေးရွာဝန်းကျင်မှနေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ထိခိုက်ဒဏ်ရာရရှိကာ ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ အထက်ပါသတင်းသည် အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ ဝါဒဖြန့်နေခြင်းဖြစ်ကြောင်း သိရသည်။ (၁၀၀)






## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ရုံးသုံးစာရေးကိရိယာ Paper A4(100g)၊ ဆေးပစ္စည်း(၆)မျိုးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် Fogging Machine အရေအတွက်(၈၀)ခုနှင့် Grass Cutter အရေအတွက်(၆၃)ခုတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.16.Stationery(2024–2025) |
| | - Tender.17.Medical Supplies(2024–2025) |
| | - Tender.18.Equipment(2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၆-၁၂-၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - ၁၉-၁၂-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### အမည်ပြောင်း
မန္တလေးတိုင်းဒေသကြီး၊ကျောက်ပန်းတောင်းမြို့၊ ပြည်တော်သာရပ်ကွက်နေ အဘ ဦးမြသောင်း၏သား မောင်ကိုကိုထူး ၉/ကပတ(နိုင်)၂၅၃၈၂ အား မောင်ကျော်ဇင်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကျော်ဇင်ဦး**

### မွေးသက္ကရာဇ်အမှန်
နတ်မောက်မြို့နယ်၊ ဆည်လည်ကျေးရွာအုပ်စု၊ ရုံးပင်ကွက်ကျေးရွာနေ(ဘ)ဦးမြင့်လှိုင်၏သမီး မဝေဝေဦး၏မွေးသက္ကရာဇ်အမှန်မှာ ၄-၄-၂၀၀၃ ဖြစ်ပါကြောင်း။
၄-၄-၂၀၀၃

### ပျောက်ဆုံးကြောင်း
တန့်ဆည်မြို့နယ်နေ မောင်ကျော်သူစိုး(ဘ)ဦးစိုးသိန်း ၅/တဆန(နိုင်)၁၄၃၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 574019)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

### ပျောက်ဆုံးကြောင်း
တန့်ဆည်မြို့နယ်နေ မောင်အောင်နေမျိုး(ဘ)ဦးဝင်းခိုင် ၅/တဆန(နိုင်)၁၆၇၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 574018)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

### ပျောက်ဆုံးကြောင်း
ချစ်ညွန့်(ဘ)ဦးထွန်းကြည် ၁၀/သဖရ(နိုင်)၀၀၈၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ခင်မောင်ကြည်(ဘ)ဦးမြမောင် ၈/ရစက(နိုင်)၁၁၄၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 495422)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ပြည့်စုံဦး(ဘ)ဦးသန်းစိုး ၉/မခန(နိုင်)၂၈၉၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 468488)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၃၉၆၈၄၈

### ပျောက်ဆုံးကြောင်း
နိုင်နိုင်ထွေး(ဘ)ဦးတင်ရွှေ ၇/ညလပ(နိုင်)၀၉၂၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 631834)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၃၈၅၅၃၁

### ပျောက်ဆုံးကြောင်း
မျိုးမြင့်(ဘ)ဦးရွှေသင် ၁၂/တမန(နိုင်)၀၃၆၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၉၂၇၅

### ပျောက်ဆုံးကြောင်း
နော်ဂျူးနီတူး(ဘ)စောစတီဗင်ထူး ၇/တငန(နိုင်)၁၀၅၅၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၂၅၃၃၂၇

### ပျောက်ဆုံးကြောင်း
ကြိုင်ကြိုင်(ဘ)ဦးမောင်အေး ၁၂/တမန(နိုင်)၀၀၁၆၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၇၂၈၈၇

### ပျောက်ဆုံးကြောင်း
ကျော်သူရ(ဘ)ဦးညွန့်ရင် ၁၂/သခန(နိုင်)၀၉၅၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 011327)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၈၄၅၄၈

### ပျောက်ဆုံးကြောင်း
စုစုမာ(ဘ)ဦးလှိုင်တင် ၁၂/စခန(နိုင်)၀၂၂၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၅၀၈၂၅၂

### ပျောက်ဆုံးကြောင်း
ငွေစိုး(ဘ)ဦးတင်အေး ၁၂/တမန(နိုင်)၀၉၀၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၃၅၄၃၉၆၅

### ပျောက်ဆုံးကြောင်း
နှင်းဇာခြည်ထွေး(ဘ)ဦးထွန်းကျော် ၁၁/မပတ(နိုင်)၀၄၂၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 894404)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၀၀၃၆၇၆

### ပျောက်ဆုံးကြောင်း
ဇင်မာအောင်(ခ)အာရှ(ဘ)ဦးစက်တရန် ၁၂/သဃက(နိုင်)၁၅၀၉၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၆၈၅၅၄၇၃

### ပျောက်ဆုံးကြောင်း
သူဇာထွန်း(ဘ)မာမက်ရော်ဖီ ၁၂/တမန(နိုင်)၁၁၉၁၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 493080)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၀၆၆၃၄၆

### ပျောက်ဆုံးကြောင်း
ထွန်းထွန်းနိုင်(ဘ)ဦးသန်းဆွေ ၁၄/အဂပ(နိုင်)၁၇၅၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 460160)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အားဆီးမေ(ဘ)ဦးကျန်တက်ကြူး ၁၃/လရန(နိုင်)၂၃၄၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဝင်းဝင်းသိန်း(ဘ)ဦးစန်းဦး ၁၄/မအပ(နိုင်)၂၂၂၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 843969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၄၄၇၇၇၂၆၆၃

### ပျောက်ဆုံးကြောင်း
အောင်သူလွင်(ဘ)ဦးမောင်မောင်လွင် ၁၂/အစန(နိုင်)၂၁၉၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG050068)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၉၉၄၈၂၇၆

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်နေ အမိ ဒေါ်မြင့်ထွေး ၇/လပတ(နိုင်)၁၀၁၅၇၃ ၏သား မောင်ဝင်းမင်းထွေး ၉/ပဗသ(နိုင်)၀၂၂၂၃၀ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မိခင်ဒေါ်မြင့်ထွေး**
၇/လပတ(နိုင်)၁၀၁၅၇၃

### ပျောက်ဆုံးကြောင်း
ခိုင်ဇင်ဦး(ဘ)ဦးယဉ်ထွေး ၇/ကပက(နိုင်)၁၀၈၄၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၆၄၇၇၈၀

### ပျောက်ဆုံးကြောင်း
မရင်ကြည်(ဘ)ဦးကျော်လှိုင် ၃/ကကရ(နိုင်)၀၀၇၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 773004)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နိုင်လင်းအောင်(ဘ)ဦးဉာဏ်လင်း ၁၄/သသခ(နိုင်)၀၀၉၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၄၅၄၅၃၂၇

### ပျောက်ဆုံးကြောင်း
ရဲဇော်လတ်(ဘ)ဦးရွှေလေး ၁၄/ဟသတ(နိုင်)၂၉၄၄၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 412604)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၈၇၆၅၃၆

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ပုကိုင်ကျေးရွာအုပ်စုနေ မယမုံဇင်(ဘ)ဦးသန်းရွှေ ၇/ဒဥန(နိုင်)၁၈၉၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၄၀၀၀၆၆၁

### ပျောက်ဆုံးကြောင်း
ဒီပဲယင်းမြို့နေ မောင်မင်းသူ(ဘ)ဦးထွန်းသိန်း ၅/ဒပယ(နိုင်)၁၃၂၃၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 860865)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၇)မှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ရှိ စမုံရေထိန်းတမံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအတွက် မြေကြီးလုပ်ငန်းဆောင်ရွက်မည့်ကုမ္ပဏီများနှင့် လိုအပ်သောဒီဇယ်ဆီတင်သွင်းမည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (၁) တည်ဆောက်ရေးလုပ်ငန်း | - | တမံမြေဖို့ခြင်း(တူး/တင်/သယ်/ဖြန့်/ဖျန်း/ကြိတ်)လုပ်ငန်း<br>တမံမြေဖို့ခြင်း(တူး/တင်/သယ်)လုပ်ငန်း |
| (၂) ပစ္စည်းဝယ်ယူခြင်း | - | ဒီဇယ်ဆီ(ရိုးရိုး)ဝယ်ယူခြင်း |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၄-၁၂-၂၀၂၄ |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | - | ၁၈-၁၂-၂၀၂၄(၁၆:၀၀)နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | - | ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၇)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မိတ္ထီလာမြို့။ |
| တင်ဒါဖွင့်မည့်ရက် | - | တင်ဒါဖွင့်မည့်နေ့ရက်ကို သီးခြားကြေညာပါမည်။ |
| တင်ဒါဖွင့်မည့်နေရာ | - | ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးမြို့။ |

အထက်ပါစည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆိုင်ရာအသေးစိတ်အချက်အလက်များ သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၇)၊ မိတ္ထီလာမြို့၊ ဖုန်းနံပါတ်-၀၉-၂၅၄၃၁၃၀၅၉၊ ၀၉-၄၄၀၆၁၈၉၇၂၊ ၀၉-၄၃၁၃၂၆၀၉ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## (In Members' Voluntary Winding Up)
## Minerva Company Limited
## Notice for Final General Meeting
## (In Members' Voluntary Winding Up)
## Pursuant to Insolvency Law 2020

Final General Meeting of the members' voluntary liquidation of **Minerva Company Limited** will be held at No.4, Pyidawaye Yeiktha, Kabaaye Pagoda Road, Yankin Township, Yangon at 10:00 am on (21–12–2024), all members are cordially invited to attend the final general meeting.

At the meeting, the liquidator's report and liquidation statement of accounts shall be finally presented and winding up.

Daw Myint Myint Toe, B.Com,CPA
Liquidator
Minerva Company Limited
No.4, Pyidawaye Yeiktha, Kabaaye Pagoda Road,
Yankin Township, Yangon, Myanmar

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်းမကြီးတစ်လျှောက်တွင် လမ်းမီးမြေအောက်ခတ်အားလိုင်းပေ (၄၅၀၀)နှင့် ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းမကြီးတစ်လျှောက်တွင် လမ်းမီးတိုင်များ နုတ်ခြင်းနှင့် လမ်းမီးတိုင်များအသစ်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ပစ္စည်းများအားဝယ်ယူရန်၊ တိုက်ကြီးမြို့နယ်၊ ဥတို-အဖျောက်လမ်း(၁၀)မိုင်၊ (၆)ဖာလုံရှိ "အဖျောက် စစ်ဆေးရေးဂိတ်"နှင့် ဒါးပိန်မြို့နယ်၊ သပြုတံတားအနီး(မြို့ရှောင်လမ်း) "ဒါးပိန်စစ်ဆေးရေးဂိတ်"တို့တွင် (၂၄)နာရီခတ်အားရရှိရေးလုပ်ငန်းများအား (ပစ္စည်း+လုပ်အားခ)ပုတ်ပြတ်(Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံနိုင်ရေး အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၅-၁၂-၂၀၂၄)ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၀-၁၂-၂၀၂၄)(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်-၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာဌာနကြီး တစ်ခုဖြစ် . . .
❖ စာဖတ်စေရန်နှင့် စာဖတ်အားများတက်လာစေရန်ဆောင်ရွက်ရမည်ဖြစ် . . .
❖ တစ်ဦးချင်းအသိပညာများကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို . . .
❖ ဖတ်ရှုသည့်စာကိုဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို . . .
❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက်ယူဆောင်ရွက်ရန်လို၊ တိုင်းပြည်အတွက် အကျိုးရှိမည်ဆိုပါက ခွင့်ပြုပေးသွားမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်းပြီးစီးအောင်ဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ❑**

